ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (31-7-2007) (၅၃၉၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူများ လိုလားတောင့်တကြသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် နယ်ပယ်ကဏ္ဍစုံတွင် အမျိုးသားရေး မျှော်မှန်းချက်များချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်ခဲ့ရ ဆယ်စုနှစ် နှစ်စုခန့်နီးပါး မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစပြုနေ တစ်မျိုးသားလုံး ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အကျိုးဖြစ်ထွန်းလာတော့မည့် အခြေအနေတွင် ရရှိပြီးအကျိုးရလဒ်ကောင်းများ ဆုံးရှုံးမသွားရအောင် ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသူနိုင်ငံသားအားလုံးတွင် တာဝန်ရှိ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့ မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီ စနစ်သည် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူ ရှိမှု၊ တရားဥပဒေစိုးမိုးမှု ဆိုသည့် နိုင်ငံတကာနှုန်းစံများ၊ နိုင်ငံတကာက လက်ခံထားသည့် မူကြီးများနှင့် ဆီလျော်ကိုက်ညီမှာဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၇-၂၀၀၇
(အင်္ဂါနေ့)

လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်က ရေမြေသဘာဝ သယံဇာတ အခြေအနေကောင်းများကို အပြည့်အဝအသုံးချပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရန် အဘက်ဘက်က စီမံဖန်တီး ဖြည့်ဆည်းပေးနေသည်။ နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ချမှတ်ဖော်ဆောင်နေသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ သွင်းကုန်အစားထိုးစက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်လျက်ရှိသည်။ စက်မှုဇုန်များတွင်လည်း အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီ သံရည်ကျိုပုံလောင်း ပုံဖိစက်ရုံများ ထူထောင်ခြင်း၊ အရည်အသွေးမီ စက်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်က စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာကဏ္ဍ အထောက်အကူပြု စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ လက်တွန်းထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများကို အားပေးထူထောင်နေသည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံများကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းနှင့်ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရှိသည်။ မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံများမှ လယ်ယာ(၁၆) လက်တွန်း ထွန်စက်များ၊ စပါးရိတ်သိမ်း ခြွေလှေ့စက်များနှင့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်ပေးနေပြီဖြစ်သည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံများအနေဖြင့် စက်မှုလယ်ယာသို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် လယ်ယာသုံး စက်ကိရိယာများကို ယခုထက် တိုးမြှင့်ထုတ်လုပ်ကြခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားစေရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဖခင်ကြီး(ဦးဇေယျ)(၂)နှစ်ပြည့်အား ရည်စူး၍ မိခင် ဒေါ်မြမြအား အမှူးထားလျက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့ပတ်လမ်းနေ သား ဦးကျော်မျိုးဦး-ဒေါ်ဥမ္မာဇေယျ၊ ဒေါ်သီတာဇေယျ၊ ဦးသိန်းထိုက်-ဒေါ်မာလာဇေယျ၊ ဦးညီညီထွန်း-ဒေါ်နီလာဇေယျ၊ မောင်နေဇေထွန်းနှင့် မြေးများ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စန္ဒန (ဓမ္မာစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အမက(၁၂)တာမွေ ကျောင်းပတ်ဝန်းကျင်တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၄ ရက်က ပြုလုပ်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းနှင့် လူမှုရေးအဖွဲ့အစည်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (ဝ၈)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်း တို့အား အမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနား လယ်တီအောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသံဝရနှင့် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့်ဇနီး ဒေါ်တင်အုန်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နေပြည်တော်ပျဉ်းမနား လယ်တီအောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသံဝရထံမှ ဝန်ကြီး အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် အစရှိသော ပရိတ် တရားတော်များကို ရွတ်ပွား သရဇ္ဈာယ် တော်မူကြသည်။

ယင်းနောက် ဝန်ကြီးဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လယ်တီအောင်မင်္ဂလာ ကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင် မိသားစုများက မစိုးရိမ်ကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနား မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ဝန်ကြီး အမှူးပြုသော ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၂၉ ရက် (ဒုတိယဝါဆိုလပြည့်နေ့)တွင် ကျောင်းရှိ သုံးထပ်ကျောင်းဆောင်တွင် ကျင်းပရာ ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒိယ အမှူးထား၍ ဝါဆိုသံဃာတော် ၈၁ ပါးတို့အား သင်္ကန်းအစုံ ၈၁ စုံကို တပည့် ဒါယကာ၊ ဒါယိကာမများက ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

မင်္ဂလာတောင်တော်ဦး ကျောင်းတိုက် ဒုတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၃၀

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဒုတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်္ဂလာတောင်တော်ဦး ကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ သုဇနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဘသန်း (အငြိမ်းစား)နှင့် ကော်မတီဝင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် "စိမ်းလန်းစိုပြည်တို့ကျောင်းမြေ" နံရံကပ်စာစောင်ဖွင့်ပွဲကို ဇူလိုင် ၁၅ရက်က အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မြင့် နံရံကပ်စာစောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၆၁)

ပြည်သူ့အကျိုးပြု ရှေးရှုညီညာ စည်ပင်သာယာ

ဧယျာမျိုးထက်

စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့်ကျေးလက်ရှိ ပြည်သူများ နေထိုင်ရာ ဒေသအသီးသီးတွင် မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် အနည်းဆုံးဖြစ်စေရေး၊ ခရီးလမ်းပန်း ဆက်သွယ်မှုကောင်းမွန်စေရေး၊ ကုန်စည်ထုတ်လုပ်မှု လုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရေး၊ ပြည်သူများ စိတ်လက်ကြည်သာစွာ အပန်းဖြေ အနားယူနိုင်စေရေးတို့အပြင် ရေပေးဝေခြင်း၊ လမ်းတံတား တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် စည်ပင်သာယာရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် တက်တက်ကြွကြွ ထမ်းဆောင်လျက်ရှိသည်။

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသော လုပ်ငန်းများ ဖြစ်သည့်အပြင် သန့်ရှင်းသပ်ရပ် သာယာလှပရေးနှင့် စည်းကမ်းစနစ်တကျ ရှိသော လူမှုပတ်ဝန်းကျင် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်သည်။

စည်ပင်သာယာရေးလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်က စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(၅/၉၃)ကို ၁၉၉၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေတွင် ပြည်သူလူထုအတွက် ဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန် ၃၁ ရပ်ကို အသေးစိတ်သတ်မှတ်ပြဋ္ဌာန်းပေးထားပြီး ဒေသခံပြည်သူများ၏ လူမှုဘဝ လိုအပ်ချက်များနှင့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက် သွားရမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များအား စည်ပင်သာယာရေးဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၉၉၀ ပြည့်နှစ်မှ စ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၈)နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၀၇ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကား ပြောကြားရာတွင် **“ပြည်နယ်၊ တိုင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများသည် မြို့များ၊ ရွာများ စည်ပင်သာယာပြီး ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ ဒေသများ၌ လက်တွေ့ဆောင်ရွက်နေကြသူများဖြစ်ပြီး လက်တွေ့ဆောင်ရွက်နေမှုများကိုလည်း နေ့စဉ်သတင်းစာများထဲတွင် မြင်တွေ့နေရကာ ၎င်းမြင်ကွင်းများသည် တချို့တစ်ဝက်သာဖြစ်ပြီး လက်တွေ့တွင် ယင်းထက်မက ကြိုးစားဆောင်ရွက်နေကြကြောင်း”**

“စည်ပင်သာယာဆိုသည့် အခေါ်အဝေါ်အတိုင်း စည်ပင်မှုနှင့် သာယာမှုဆိုသည့် အပိုင်းနှစ်ပိုင်းစလုံး အဓိပ္ပာယ်ကိုယ်စီရှိကြကြောင်း၊ စည်ပင်ရေးအတွက် လူများအလွယ်တကူ ကူးသန်းသွားလာနိုင်ရန်၊ စည်စည်ကားကားဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ရန်၊ လမ်းများ၊ တံတားများကောင်းရန် ပြုပြင်တည်ဆောက်ရကြောင်း၊ အဆိုပါလမ်းများ၊ တံတားများပေါ်၌ လူများ ဥဒဟို ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနေခြင်းအားဖြင့် မြို့များ၊ ရွာများတွင် အသွားအလာများ များပြားပြီး စည်ပင်နေမည်ဖြစ်ကြောင်း”

“သာယာရေးအတွက်ဆိုလျှင် မြို့သူ၊ မြို့သားများ၊ ရွာသူ၊ ရွာသားများ စိတ်ချမ်းချမ်းသာသာနှင့် ပျော်ပျော်ရွှင်ရွှင်ရှိရန် မြို့များ၊ ရွာများကို သာယာရေး၊ သန့်ရှင်းရေး၊ သပ်ရပ်လှပရေး ပြုပြင်ဖန်တီးပေးရန် ဖြစ်ကြောင်း”

“ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှ မြို့သို့ ဆက်သွယ်သည့်လမ်းများကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြရတာဖြစ်ကြောင်း၊ အဲသည်လို ဆောင်ရွက်ပေးခဲ့တဲ့ လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းဖို့လိုအပ်သလို လမ်းတံတားများ၏ ခံနိုင်ဝန်နှင့်အညီ သင့်တော်သော ယာဉ်သွားလာမှုအပေါ် ကြပ်မတ်ပေးဖို့လိုအပ်ကြောင်း”

“ထို့အပြင် မြို့အင်္ဂါရပ်နှင့်အညီ မြို့ပြလမ်းများ တိုးတက်ကောင်းမွန်အောင် နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတကာမြို့ကြီးများကဲ့သို့ သစ်ပင်ပန်းမန်များ ဝေဆာလှပနေအောင် စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း”

“စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြင့်တင်နိုင်ပြီး လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ တူးဖော်ပြီးသော စက်ရေတွင်းများကို ကျေးလက်ပြည်သူများ ရေရှည်သုံးစွဲနိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ တစ်ရွာချင်း ကွင်းဆင်းစစ်ဆေးပြုပြင် ထိန်းသိမ်းသွားဖို့ လိုအပ်ကြောင်း”

“စည်ပင်သာယာရေးလုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားသည့်အလျောက် ထိတွေ့ဆက်ဆံရသည့် ပြည်သူလူထုနယ်ပယ်မှာလည်း ကျယ်ဝန်းသည်ဖြစ်ရာ ပြည်သူတို့၏ လိုအပ်ချက်များကို စည်းမျဉ်းစည်းကမ်းဘောင်အတွင်း အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးကြဖို့နှင့် ပြည်သူများအပေါ် နွေးထွေးသိမ်မွေ့စွာဆက်ဆံကာ လုပ်ငန်းများကို စနစ်တကျနှင့် အကျိုးရှိ ထိရောက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအားကိုးယုံကြည်သည့်ဌာန၊ အဖွဲ့အစည်းများဖြစ်အောင် ကြိုးစားသွားကြပါလို့ မှာကြားလိုကြောင်း” စသည်ဖြင့် မှာကြားပါသည်။

အတွင်းရေးမှူး(၁)၏ မှာကြားချက်များအား စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကာ ပြည်သူများ၏အကျိုးအတွက် မြို့ရွာဖွံ့ဖြိုးမှု အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတားစီမံကိန်းကို ၂၀၀၁–၂၀၀၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀–၂၀၃၁ ခု ဘဏ္ဍာရေးနှစ်အထိ နှစ်(၃၀) နှစ်ရှည်စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းမိုင်ပေါင်း ၂၄၉၅၄ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ကျေးလက်တံတားပေါင်း ၄၇၄၄စင်းဆောက်လုပ်ပေးနိုင်ခဲ့သည်။

ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့အင်္ဂါရပ်နှင့်အညီ မြို့ပြလမ်းများ တိုးတက်ကောင်းမွန်အောင် နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ မြို့ပြလမ်း မိုင် ၄၆၄၀ နှင့် မြို့ပြတံတား ၂၃၀၇ စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လမ်းမကြီးများနှင့်ဝေးပြီး သွားလာရေးခက်ခဲသည့် ကျေးရွာများကို ဖြတ်သန်းကာ တစ်မြို့နယ်နှင့်တစ်မြို့နယ် တစ်ခရိုင်နှင့်တစ်ခရိုင် ဆက်သွယ်အသုံးပြုရန်အတွက် ခရိုင်ချင်းဆက်လမ်း အမှတ် (၁) နှင့် အမှတ် (၂) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)မှာ ကတ္တရာလမ်း ၅၄ မိုင်၊ ကျောက်ချောလမ်း ၃၂၃ မိုင်၊ ၂ ဖာလုံ၊ သစ်သားတံတားအစင်း ၁၀၀၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှာ ကတ္တရာလမ်း သုံးမိုင်၊ ကျောက်ချောလမ်း ၅၂ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၁၆၃ မိုင်နှင့် သစ်သားတံတား ၅၇ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည်။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အပူပိုင်းဒေသတွင် ၈၀၄၂ ရွာ၊ အခြားပြည်နယ်/တိုင်းများတွင် ၁၅၁၈၃ ရွာ၊ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၂၃၂၂၅ ရွာ ဆောင်ရွက်ပေးရန်ရှိရာ စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းရေးဆွဲပြီး ၂၀၀၀–၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်အထိ

> စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် စည်ပင်သာယာရေးဆိုင်ရာ ပင်မလုပ်ငန်း တာဝန်များအပြင် နိုင်ငံတော်အကြီးအကဲမှ တာဝန်ပေးထားသည့် လုပ်ငန်းတစ်ရပ် ဖြစ်သော ကျေးလက်နေပြည်သူများ နေထိုင်မှုဘဝ အဆင့်မြင့်မားရေးအတွက် ကျေးလက်စံပြအိမ်ရာ ဆောက်လုပ်ရေး လုပ်ငန်း ကို တိုင်း(၇)တိုင်းတွင် ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ အခြား ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့ရာ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာ ရေးနှစ်အထိ အိမ်လုံးရေ ၃၄၂၀ ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။

အပူပိုင်းဒေသတွင် ၇၉၁၁ ရွာ၊ အခြားပြည်နယ်/တိုင်းများတွင် ၉၃၃၉ ရွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၁၇၂၅၀ ရွာ ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရသကဲ့သို့ မြို့ရေပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ရာ ယခုအချိန်အထိ မြို့ပေါင်း ၁၇၉မြို့၌ မြို့ရေပေးဝေရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စည်ပင်သာယာရေးဆိုင်ရာ ပင်မလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်အကြီးအကဲမှ တာဝန်ပေးထားသည့်လုပ်ငန်းတစ်ရပ်ဖြစ်သော ကျေးလက်နေပြည်သူများ နေထိုင်မှုဘဝ အဆင့်မြင့်မားရေးအတွက် ကျေးလက်စံပြအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းကို တိုင်း(၇)တိုင်းတွင် ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ အခြားဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခဲ့ရာ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်အထိ အိမ်လုံးရေ ၃၄၂၀ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်။

ထို့အပြင် မြို့သာယာလှပရေးအတွက် လုပ်ငန်းစဉ်(၁၆)ရပ် ချမှတ်၍ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ စံပြလမ်းများ၊ လမ်းလယ်ကျွန်းများ၊ အရိပ်ရပင်၊ ပန်းအလှပင်များ၊ မြေယာရှုခင်းအလှများနှင့် ပန်းဥယျာဉ်များဖြင့် စိမ်းလန်းသာယာ စိုပြည်လှပမှုများက ပြည်သူများ၏ စိတ်နှလုံးကို ချမ်းမြေ့ကြည်နူးမှုများ ပေးနိုင်ခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်ရသော မြို့ပြနှင့်ကျေးလက်ဒေသများကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသပ်ရပ်သာယာလှပ၍ စိမ်းလန်းစိုပြည်မှုရှိစေရန် အဓိကလုပ်ဆောင်လျက်ရှိရာ ထိုလုပ်ငန်းများသည် မွန်မြတ်သည့်လုပ်ငန်းများဖြစ်သည့်အတွက် စေတနာအပြည့်ထားပြီး ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ရွာဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြု စည်ပင်သာယာရေးလုပ်ငန်းများအား ရှေ့ဆောင်ဦးရွက်ပြုကာ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှုနှင့်အတူ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရမည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အင်ဒိုနီးရှား၌ ရေလွှမ်းမိုး၊ ဒေသခံ ၆၀ခန့် သေဆုံးဖွယ်ရှိ

ဂျကာတာ ဇူလိုင် ၂၉

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်း၌ ရက်အတန်ကြာမိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနှင့်ရေလွှမ်းမိုးမှုဖြစ်ပွားရာ ဒေသခံပြည်သူ ၆၀ခန့် သေဆုံးဖွယ်ရှိကြောင်းနှင့် ဘေးကင်းရာသို့ ပြောင်းရွှေ့သူ ၈၀၀၀ ရှိကြောင်း၊ ကယ်ဆယ်ရေး အသင်းများကလည်း ကူညီဆောင်ရွက်လျက်ရှိကြောင်းရိုက်တာသတင်း၌ ဖော်ပြထားသည်။

ရက်အတန်ကြာ မိုးသည်းထန်မှုကြောင့် မြေပြိုမှုများဖြစ်ပွားပြီး သုံးမီတာအမြင့်ထိ ရေလွှမ်းသဖြင့် ဆူလာဝေစီပြည်နယ်အလယ်ပိုင်းရှိ ရွာ ၁၀ရွာမှ အိမ်ခြေရာပေါင်းများစွာ ရေနစ်မြုပ်သွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပျောက်ဆုံးလျက်ရှိ

နောက်ဆုံးရရှိသည့် စာရင်းအရ အလောင်း ၅၇လောင်းကို ပြန်လည်ဆယ်ယူထားပြီး ၂၃ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့မှ ဖရက်စ်အာဘတ်စ်က ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားသည်။

ဘေးအန္တရာယ်ကင်းရာသို့ပြောင်းရွှေ့သူ ၈၀၀၀ခန့်ရှိသော်လည်း မပြောင်းရွှေ့ရသေးသူ ထောင်ပေါင်းများစွာကျန်ရှိကြောင်း ဘေးအန္တရာယ်ကယ်ဆယ်ရေးဌာန တာဝန်ရှိသူ ဆီတီအိုဆူတာမိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်နစ္စတန်တွင် သေဆုံး

လန်ဒန် ဇူလိုင် ၃၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်ခံရသဖြင့် သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စန်နိုင်ငံတောင်ပိုင်း ဒေသရှိ ဟယ်လ်မန်းပြည်နယ်တွင် စစ်ကြောင်း အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နေစဉ် အမှတ်(၁၄)အချက်ပြ တပ်ရင်းကြီးမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်ဟု ဖော်ပြပါဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

၎င်းတပ်ဖွဲ့ဝင်သည် ဟေဒရာဘက်နှင့် မာမန်ဒက်မြို့နှစ်မြို့ကြားရှိ ဝင်းခြံတစ်ခုတွင် လုပ်ငန်းဆောင်ရွက်နေစဉ် ရော့ကက်ဒုံးကျည်ဖြင့် အပစ်ခံရပြီး ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

အာဖဂန်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင် ၆၀၀၀ အခြေစိုက်နေကြပြီး ယခုအချိန်အထိ တပ်ဖွဲ့ဝင် ၆၇ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ ယင်းနိုင်ငံတွင် တပ်ဖွဲ့ဝင်ဦးရေ ၇၇၀၀ အထိ တိုးမြှင့်ရန် စီစဉ်ထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားတောင်ပိုင်း ဘာကူးလ်မြို့ရှိ ရထားလမ်းတစ်နေရာကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရားမဝင် လက်နက်ရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်သည်ဆိုမှု အမေရိကန်၏ စွပ်စွဲချက် တရုတ်အစိုးရ ပယ်ချ

ပေကျင်း ဇူလိုင် ၂၉

တရားမဝင် လက်နက်ကုန်သွယ်မှုကိစ္စတွင် တရုတ်နိုင်ငံပါဝင်ပတ်သက်သည်ဆိုသည့် အမေရိကန်၏ စွပ်စွဲချက်ကို တရုတ်အစိုးရက ကြာသပတေးနေ့တွင် ပယ်ချလိုက်သည်။

တရုတ်နိုင်ငံ၏ တရားဝင် လက်နက်ရောင်းဝယ်မှုများကို လက်နက်မှောင်ခိုမှုနှင့် ဆက်စပ်ရန် နိုင်ငံအချို့က ကာလ အတန်ကြာကပင် ကြိုးပမ်းခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကျန်ချောင်၏ ပြောကြားချက်ကို ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ အီရန် နိုင်ငံဘက်မှ မှောင်ခိုသွင်းထားသည့် တရုတ်လုပ်ဒုံးကျည်များကို အီရတ်နိုင်ငံတွင် အမေရိကန်စစ်ဘက်က တွေ့ရှိခဲ့သည်ဆိုသော စွပ်စွဲချက်မှာ မှန်ကန်ခြင်းမရှိကြောင်း လူကျန်ချောင်က ပြောကြားခြင်းဖြစ်သည်။

ယင်းစွပ်စွဲချက်ကြောင့် ပြည်သူလူထု အထင်အမြင်မှားစေကြောင်း၊ ယင်းစွပ်စွဲချက်နှင့် ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း၊ အမေရိကန်၏ စွပ်စွဲချက်ကို အခိုင်အမာ ဆန့်ကျင်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် လက်နက်တင်ပို့မှုကိစ္စရပ်များတွင် တင်းကျပ်သည့် ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာဥပဒေများနှင့် ပြည်တွင်းဥပဒေများအရသာလျှင် ဆောင်ရွက်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့ ဆိပ်ကမ်းအနီး၌ ငါးဖမ်းနေသည့် ရေလုပ်သားများကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စွန်ပလွံပင်မှ ဇီဝလောင်စာထုတ်ယူနိုင်

မတ်စကက်(အိုမန်) ဇူလိုင် ၂၉

အနာဂတ်ကာလတွင်အရှေ့အလယ်ပိုင်းဒေသ၌ စွန်ပလွံပင်များမှ ဇီဝလောင်စာကျယ်ကျယ်ပြန့်ပြန့် ထုတ်ယူရနိုင်မည်ဖြစ်ကြောင်း အိုမန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဇူလိုင် ၂၈ရက်တွင် ပြောကြားသည်။ စွန်ပလွံပင်မှ ဇီဝလောင်စာထုတ်ယူရန် ကြိုးပမ်းနေသူမှာ အိုမန်ဂရင်းအန်နာဂျီ အမည်ရှိ ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။ ၎င်းသည် စွန်ပလွံပင်မှ ထုတ်ယူသော ဇီဝလောင်စာဖြင့် မော်တော်ကားကို စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်မှုရှိသည်ဟုဆိုသည်။ အိုမန်စီးပွားရေးလုပ်ငန်းရှင် မိုဟာမက်ဘင်ဆာအအိအယ်လ်ဟာသီသည် အိုမန်နိုင်ငံ ဆိုဟာမြို့တွင် အက်သနော ထုတ်လုပ်ရေးစက်ရုံ တစ်ရုံကို အမေရိကန်ဒေါ်လာ ၂၈သန်း အကုန်အကျခံ၍ တည်ထောင်ရန် စီစဉ်နေပြီး ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနထံမှ ခွင့်ပြုချက်ရရှိရန် တင်ပြထားသည်။

အင်တာနက်။

နိုင်ငံတကာ ယဉ်ကျေးမှုပွဲတော် စင်ကာပူတွင် ကျင်းပမည်

စင်ကာပူ ဇူလိုင် ၂၉

စင်ကာပူနိုင်ငံတွင် နိုင်ငံတကာယဉ်ကျေးမှုပွဲတော်ကို လာမည့်အောက်တိုဘာလ၌ ၁၃ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း ဇူလိုင် ၂၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

Sun Festival ဟူ၍ အမည်ပေးထားသော ယဉ်ကျေးမှုပွဲတော်တွင် ကမ္ဘာ့နိုင်ငံများမှ ထိပ်တန်းတေးဂီတ ပညာရှင်များ၊ စာရေးဆရာများနှင့် စားတော်ကဲများ ၁၅၀ ကျော်တို့ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ မတူကွဲပြားသော ယဉ်ကျေးမှုများကို Sun Festival တွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း ယင်းပွဲတော် ကျင်းပရေးမှူး အိုင်အမ်ဂျီ အနုပညာ လုပ်ငန်းများဆိုင်ရာ ကုမ္ပဏီဥက္ကဋ္ဌ ဂျက်ဖာမင်းက ပြောကြားသည်။

အင်တာနက်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပသည့် အမေရိကတိုက်လုံးဆိုင်ရာ အမျိုးသမီးမြားပစ်ပြိုင်ပွဲတွင် ကိုလံဘီယာနိုင်ငံအသင်း ပါဝင်ယှဉ်ပြိုင်နေသည်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟွန်ဒါ ဆိုင်ကယ် စက်ရုံ ဗီယက်နမ်တွင် တည်ဆောက်မည်

ဟနွိုင်း ဇူလိုင် ၂၉

ဗီယက်နမ်နိုင်ငံတွင် ဒုတိယမြောက် ဟွန်ဒါမော်တော်ဆိုင်ကယ် စက်ရုံတစ်ရုံကို တည်ဆောက်မည် ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူ တစ်ဦးက ဇူလိုင် ၂၈ရက်တွင် ပြောကြားသည်။

အဆိုပါစက်ရုံကို ဟွန်ဒါ-ဗီယက်နမ် ဖက်စပ်စက်ရုံက တည်ထောင်မည်ဖြစ်သည်။ ဗီယက်နမ်မြောက်ပိုင်း ဘင်ဖတ်ပြည်နယ်ရှိ ကားစက်ရုံအနီးတွင် မော်တော်ဆိုင်ကယ်စက်ရုံကို အမေရိကန်ဒေါ်လာ ၆၅သန်း အကုန်အကျခံ၍ တည်ဆောက်မည်ဖြစ်ကြောင်း ဟွန်ဒါ-ဗီယက်နမ် ကုမ္ပဏီ ညွှန်ကြားရေးမှူး ကိုဂျီအိုနီရှီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ငါးဦးလျှင် တစ်ဦးမှာ မော်တော်ဆိုင်ကယ် စီးသူများ ဖြစ်သည်။ ထိုင်းနိုင်ငံတွင်မူ ငါးဦးလျှင် နှစ်ဦးနှုန်း မော်တော်ဆိုင်ကယ် စီးသည်။

အင်တာနက်။

ဂရိတွင် အပူလှိုင်းကျရောက်

အေသင် ဇူလိုင် ၂၉

ဂရိနိုင်ငံ ဒေသအချို့တို့တွင် အပူရှိန် ၄၅ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်း၊ အပူလှိုင်းကျရောက်မှုကြောင့် နှစ်ဦးသေဆုံးပြီး လူအများအပြားကို ဆေးရုံသို့ တင်ပို့ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သက်ကြီးရွယ်အိုတစ်ဦးသည် အပူရုပ်သဖြင့် ဂရိနိုင်ငံ မြောက်ပိုင်းရှိ ဆေးရုံတွင် သေဆုံးသွားခဲ့ရာ နှစ်ရက်အတွင်း ဒုတိယမြောက် သေဆုံးခြင်းဖြစ်သည်။ အပူရုပ်ဝေဒနာ ခံစားရသူ ၁၅ဦးထက်မနည်းကို ကုသပေးလျက်ရှိသည်။ **အမ်အင်အေ၊ ရိုက်တာ။**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၃၀

တပ်ကုန်းတပ်နယ်၏ ၂၀၀၇ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြည်စံအောင် စံပြကျေးရွာ၌ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်ကုန်းတပ်နယ်မှူး၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စစ်သည်မိသားစုဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့် ရတနာတန်းဝင်ပျိုးပင်များ၊ အရိပ်ရလေကာပျိုးပင်များကို တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ ကိုယ်စားလှယ်များထံ ပေးအပ်သည်။

စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူးသည် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူလူထုများ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင် ၆၀၀၀၊ ရတနာတန်းဝင်နှင့် အရိပ်ရလေကာပင်များဖြစ်သည့် ကျွန်း၊ စိန်ပန်း၊ ခရေ၊ မဲဇလီ၊ မန်ကျည်း၊ တမာ၊ ကုက္ကို အစရှိသည့် အပင်ပေါင်း ၆၉၇၄ ပင် စုစုပေါင်း ၁၂၉၇၄ပင်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာရှိ တောင်သူ၅၇ဦး၏ ပန်းတိုင်အထွက်နှုန်း ရရှိရေးစိုက်ပျိုးလျက်ရှိသော စံပြမိုးအစေ့ထုတ်ပြောင်း ဧက ၁၀၀စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသော ပြောင်းခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပန်းတိုင်အထွက်နှုန်း

ပန်းတိုင်အထွက်နှုန်းစံပြ မိုးအစေ့ထုတ်ပြောင်း စိုက်ခင်း၌ တစ်ဧကလျှင် အပင်၁၈၇၃၀စိုက်ပျိုးထားပြီး ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၈၀ ဖြစ်၍ လက်ရှိစံပြစိုက်ခင်းမှာ တစ်ဧကလျှင် တင်း ၉၀ကျော်ထွက်ရှိရန် အခြေအနေရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိုက်ပျိုးပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တပ်ကုန်းတပ်နယ်၏ ၂၀၀၇ ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ချောက်ရေနံမြေမှ ဝန်ထမ်းများအား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၃၀

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် ဇူလိုင် ၂၈ ရက်တွင် ချောက်မြို့သို့ သွားရောက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ရေနံလုပ်သား အပန်းဖြေခန်းမ၌ ချောက်ရေနံမြေဝန်ထမ်းများ၊ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)မှ ဝန်ထမ်းများ၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူး ရေးဌာနကြီး(ဂ)ဆင့်မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်နှင့် လုပ်ငန်းတာဝန်များအပေါ် သစ္စာစောင့်သိ၍ စေတနာထား ရိုးသားကြိုးစားစွာ တာဝန်ထမ်းဆောင်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)သို့ သွားရောက်၍ ဖယောင်းညှစ်ထုတ်လုပ်နေမှုနှင့် စက်ရုံဝင်းအတွင်း လုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချောက်ရေနံမြေဝန်ထမ်းများ စိုက်ပျိုးထားသည့် ၁၀၆ ဒသမ ၅ ဧကရှိ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ သွားရောက်၍ ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ပင်ပျက်ပင်သေများကို အစားထိုးစိုက်ပျိုးရန်နှင့် ယခုနှစ် မိုးရာသီတွင် စိုက်ဧကများ ထပ်မံတိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးပြီးသမျှ ရှင်သန်ဖြစ်ထွန်းရန် ထိန်းသိမ်းပြုစုရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ သွားရောက်၍ စက်ရုံလည်ပတ်နေမှု၊ စက်ပစ္စည်းများပြင်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာနအဆင့်တို့က စက်ရုံပြင်ဆင်ရေးအတွက် ဂရုပြုဆောင်ရွက်ပေးနေသကဲ့သို့ စက်ရုံမှူးနှင့် ဝန်ထမ်းများအပိုင်းကလည်း ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ချမှတ်ပေးထားသည့် ထုတ်လုပ်မှုရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေးအတွက် ရည်မှန်းချက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး ချောက်ရေနံမြေဝန်ထမ်းများ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ လုပ်ငန်းခွင်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ ဦးစီးအရာရှိများ၏ လုပ်ငန်းခွင်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းဆင်းပွဲသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းမြေစာရင်းဦးစီး ဌာနမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

နေပြည်တော်ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်တွင် ကျင်းပရာ အခမ်းအနားသို့ ပျဉ်းမနားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဆရာတော် ဦးပညာတိလောက အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အသင်း၏ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် အသင်းနာယက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ အသင်းဥက္ကဋ္ဌ ဦးအေးလွင်နှင့် အသင်းသူ၊ အသင်းသားများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပြီး**(အပေါ်ပုံ)**ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ အသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းသူ၊ အသင်းသားများက ဆရာတော် သံဃာတော်၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကြွရောက်လာသောဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါတွင်း မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံ ဓမ္မရိပ်သာကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မကထိက ကမ္ဘောဇအရှင်လက္ခဏ ပအိုဝ်းဆရာတော်(ဓမ္မာစရိယ) B.A(Geography) သည် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်(ဩဂုတ် ၉ရက်)မှစ၍ ဒုတိယဝါဆိုလကွယ် (ဩဂုတ် ၁၃ရက်)အထိ မိုးကုတ်ဝိပဿနာတရားစခန်းဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်ယောဂီများကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Every day Use.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅း၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅း၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၅၀ ၁၁။ ဘင်း(မ်)စတက် (BIMSTEC) အကြောင်း သိကောင်းစရာ
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာရွှေအိပ်မက်" (အပိုင်း-၂၁)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း-၃၂)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၃တိုက်နှင့် သီလရှင် စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ဆွမ်းပဒေသာပင်အတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

✻ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ဘဒ္ဒန္တဓမ္မသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိုင်ငံတော်ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာကျောင်း ပဓာန နာယက ဆရာတော်အား သင်္ကန်းအစ ရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများမှ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးသုံးဦး တို့က နိုင်ငံတော် ဩဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာကျောင်းပဓာန နာယကဆရာတော်နှင့် သီလရှင် ဆရာကြီးများထံ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေးနှင့်ပဲတို့ကို တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက ပဓာန နာယက ဆရာ တော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဍာဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန် တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာန၊ အာရှကြီးပွားတိုးတက် ရေးကုမ္ပဏီ၊ ဖိုးလပြည့်ကုမ္ပဏီလီမိ တက်၊ စန္ဒီပရဆေး မိသားစု၊ မင်္ဂလာဒုံ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီနှင့် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ များ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင် များအသင်းတို့က လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ပဓာန နာယကဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၂၇၀၀၀၀၊ ရန်ကုန် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၁၃၅၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၀၀၀၀၊ ရန်ကုန်မြောက်ပိုင်း ခရိုင်စက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ် ရေးအဖွဲ့က ငွေကျပ်ငါးသိန်း၊ (ဦးသိန်း မောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)နှင့် ဦးသန်းမောင် (ချမ်းမြေ့ စတိုး မြောက်ဥက္ကလာ)တို့က ငွေကျပ် ၃၀၇၀၀၀ စီ၊ ဦးတင်ဝင်း- ဒေါ်စန်းစန်း ဝင်း(KN ကုမ္ပဏီ)နှင့် ရွှေတောင်ကုန်း ဟိုတယ်(အင်းစိန်)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါဆေးတိုက်) က ငွေကျပ် ၂၅၀၀၀၀၊ ဦးတင်ဝင်း(ရန်ကုန် စက်မှု ဇုန်မိသားစု)၊ဦးကျော်ဆန်းဦး (မင်္ဂလာဒုံ မြို့နယ် ဆီကုန်သည်များအသင်း)၊ ဦးတင်အောင်-ဒေါ်လှလှနွယ် (ဝင်း ရတနာ ခရီးသွား)၊ ဦးမြတ်သင်းအောင် (လှိုင်သာယာ)၊ဦးစိုင်းမျိုးဝင်း-ဒေါ်နန်း ခင်မြင့်ရီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးသိန်းဟန် (မင်္ဂလာဒုံ မြို့နယ် ဆန်ကုန်သည်များအသင်း)နှင့် ဦးသိုင်းဝင်း (BTBကုမ္ပဏီ) တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးအောင်ဇော် မြင့်-ဒေါက်တာမြတ်မြတ်အုန်းခင်က ငွေကျပ် ၁၁၀၀၀၀၊ ဦးစိုးမြင့်-ဒေါ်ခင် လေးရီ(နယူးရွှေစင်ရွှေဆိုင်)က ငွေကျပ် ၁၀၈၀၀၀ အပါအဝင် အလှူရှင် များက အလှူငွေကျပ် ၅၅၁၄၅၀၀ကို ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာန ချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစု များနှင့် စေတနာရှင် ပြည်သူများက ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင် အလှူငွေများလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထား သည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါ စရိယ တောတိုက်ဓမ္မရိပ်သာကျောင်း ပဓာနနာယက ဆရာတော်ထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော် ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၃၂၀၊ ၁၂ ပြည်၊ ဆီ ၁၄၀၂ ပိဿာ ၄၀ ကျပ်သား၊ ပဲ ၃၆၇ ပိဿာ၊ အိုင်အိုဒင်း ဆား ၂၃၂၄ ပိဿာ၊ သွားတိုက်ဆား ၄၆၄ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၁၀၊ အချိုရည်ဘူး ၇၂၀နှင့် ဆွမ်း ပဒေသာပင် အလှူငွေကျပ် ၅၅၁၄၅၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်း ခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၃တိုက် နှင့်သီလရှင်စာသင်တိုက်ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု များနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ၃နာရီတွင် ရန်ကုန်အနောက်ပိုင်း ခရိုင် မရမ်းကုန်းမြို့နယ် စွယ်တော် မြတ်စေတီလမ်းရှိ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက် ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၃တိုက်မှ ပဓာနနာယက ဆရာတော် များ၊ ပင့်သံဃာတော်များ၊ သီလရှင် စာသင်တိုက် ရှစ်တိုက်မှ သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြ ပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များ၊ စေတနာရှင် အလှူ ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

ဇူလိုင် ၂၉ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပရိယတ္တိသာသနာ့ပါလအသင်းကြီး၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဇူလိုင် ၂၉ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပိဋကသုံးပုံနိကာယ်စာသင်တိုက်၌ သာသနာ့နုဂ္ဂဟာဘွဲ့ရ လူပုဂ္ဂိုလ် တစ်ဦးအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများက ဆရာ တော်သံဃာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီး သုံးဦး တို့က ဆရာတော်ကြီးနှင့် သီလရှင် ဆရာကြီးများအား လည်းကောင်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်ကြီး အားလည်းကောင်း ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် အဂ္ဂမဟာသီရိသုဓမ္မ သင်္ဂီ ဒေါ်အေးအေးစိုး(ဒုတိယဥက္ကဋ္ဌ) Focus Energy Co, Ltd. မိသားစု၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်အုံးကျင် (အိုကေပဲမျိုးစုံရောင်းဝယ်ရေး)၊(ဦးသိန်း မောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး ရောင်းဝယ်ရေး)၊ မြန်မာနိုင်ငံ ရေထွက် ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်း၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဍာဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ဦးကြည် ဝင်း-ဒေါ်အေးအေးလှိုင် မိသားစု (ဆန္ဒမွန်ဆေးတိုက်)၊ သမားတော်ကြီး ဦးလှဌေး-သီရိသုဓမ္မသင်္ဂီ ဒေါ်တင် နွယ်ဦး(မှန်ချိုဆေးတိုက်)၊ ဦးအေးမြင့်- ဒေါ်ခင်သန္တာဝေ မိသားစုတို့က ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြ သည်။

ယင်းနောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများက ငွေကျပ် ၄၁၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၅၀၀၀၊ ရန်ကုန်အနောက် ပိုင်းခရိုင်နှင့်မရမ်းကုန်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ က ငွေကျပ်နှစ်သိန်း၊ ကွယ်လွန်သူ ဦးမောင်မောင်ခဆွေအားရည်စူး၍ အဂ္ဂ မဟာသီရိသုဓမ္မသင်္ဂီ ဒေါ်အေးအေးစိုး (ဒုတိယဥက္ကဋ္ဌ Focus Energy Co, Ltd) မိသားစုက ငွေကျပ်သိန်း ၅၀၊ ခရမ်းမြို့နယ် ဦးဘသိန်းကျင်-ဒေါ်ရွှေ သန်း မိသားစုက ငွေကျပ်သိန်း ၅၀၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ လသာမြို့နယ်နေ ဦးထွန်းဝင်း- ဒေါက်တာလှလှရီ မိသားစုက ငွေကျပ် ၂၅သိန်း၊ အလုံမြို့နယ်နေ ဦးလင်းဝင်း (လင်းဝင်းကုမ္ပဏီ)-ဒေါ်ရီရီစိန် မိသားစု က ငွေကျပ် ၁၈၄၀၀၀၀၊ ခေတ္တာအင်္ဂလန် ရောက် ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ် ၁၅သိန်း၊ ရန်ကုန်အနောက် ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းနုက ငွေကျပ်၁၁၀၀၀၀၊ ဘုရင့် နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်း အကျိုးဆောင်အဖွဲ့နှင့် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ပြည်သူများက ငွေကျပ် ငါးသိန်းစီ၊ ထားဝယ်မြို့နေ ဦးလှဒင်-ဒေါ်သင်းလှိုင် မိသားစုက ငွေကျပ် လေးသိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး ရောင်းဝယ်ရေးလုပ်ငန်း) က ငွေကျပ် ၃၀၇၀၀၀၊ မရမ်းကုန်းမြို့နယ် (၃)ရပ် ကွက်နှင့် (၅)ရပ်ကွက်တို့မှ ပြည်သူများ၊ မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာဝင်း သာယာရေးနှင့် တိုက်ခန်းကြီးကြပ်ရေး အဖွဲ့၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတ ဓရ ဦးနေဝင်းထွန်း(ပတ္တမြားနဂါးနှင့် ကျောက်စိမ်းနဂါး ကုမ္ပဏီ)၊ မရမ်းကုန်း မြို့နယ်နေ ဦးရီမောင်-ဒေါ်အေးအေး မြင့်မိသားစု၊ ရွှေသံလွင်ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်း- ဒေါ်နီမိသားစု၊ သီရိသုဓမ္မသင်္ဂီ သမား တော်ကြီး ဦးဘိုကြီး (ပြည်လုံးချမ်းသာ ဆေးတိုက်)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည် မွန် (ဆန်းမြန်မာကုမ္ပဏီ) နှင့် ဦးမျိုး မင်းမင်းစိုး-ဒေါ်အိကေသွယ်မင်းတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါတိုင်းရင်းဆေး)က ငွေကျပ် ၂၅၀၀၀၀၊ ဦးအောင်မြင့် (ချမ်းမြေ့တည်းခိုခန်း)၊ မရမ်းကုန်း မြို့နယ် (၂)ရပ်ကွက်နှင့် (၇)ရပ်ကွက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

➪ **အမျိုးသားညီလာခံမှ**

ကိုယ်စားလှယ်သည် ၈၀ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဒေါက်တာမောင်မောင်ဝင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို အလှည့်ကျသဘာပတိ ဒေါက်တာမောင်မောင်ဝင့်က ဖတ်ကြားရှင်းလင်းပြီး သဘောထားတင်ပြချက် စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်ပွဲခြိမ့်ညံ့ အမျိုးသားညီလာခံ

အောင် အောင်ပွဲခြိမ့်ညံ၊ ညီလာခံသည်၊ မိုးယံလွင့်ပျံ့သိမ့်သိမ့်တည်း။
ပွဲ ပွဲတိုင်းလည်းအောင်၊ ဒို့ကြံဆောင်မည်၊ ညောင်နှစ်ပင်မော်ကွန်း သစ်သစ်တည်း။
ခြိမ့် ခြိမ့်ခြိမ့်သဲသဲ၊ ဒို့ဆင်နွှဲမည်၊ အောင်ပွဲဧကန်မြဲမြဲတည်း။
ညံ ညံညံသောင်းသောင်း၊ များစုပေါင်း၍၊ အောင်ကြောင်းအောင်ပွဲ ခြိမ့်ခြိမ့်တည်း။
အ အနာဂတ်နိုင်ငံ၊ တည်ထောင်ရန်တွက်၊ အခြေခံအုတ်မြစ်ခိုင်ခိုင်တည်း။
မျိုး မျိုးချစ်စိတ်ထား၊ လွန်မြင့်မားသည်၊ ဒို့များသွေးနီ ရဲရဲတည်း။
သား သားသော်မခြား၊ ပြည်ထောင်ဖွားမို့၊ မပြားစုပေါင်း ညီညီတည်း။
ညီ ညီတူမျှတ၊ လွတ်လပ်မှုသာ၊ လောကပါလ ထွန်းထွန်းတည်း။
လာ လာလေလာလေ၊ ဒို့မျိုးဆွေတို့၊ ရေမြေမခြား တူတူတည်း။
ခံ ခံနိုင်ရည်ခွဲ၊ ဒို့အားခဲမည်၊ အောင်ပွဲထပ်ခါ ဆင့်ဆင့်တည်း။

ဖိုးရန်နိုင်(ကျောက်ကြီး)

အလှူရှင်မိသားစုနှင့် ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အမှူးပြုသော သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

ရဟန်းလောင်းငါးပါးနှင့် ရှင်သာမဏေ ၁၀၈ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၀

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရသည် ဇူလိုင် ၂၈ရက်တွင် မကွေးမြို့၊ ကန်သာရပ်ရှိ အောင်မြေရတနာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ရဟန်းခံ၊ ရှင်ပြု အလှူတော် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူပြီး ရဟန်းလောင်းငါးပါးနှင့်ရှင်သာမဏေ ၁၀၈ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။

ရှေးဦးစွာ မဟာအတုလရံသီ သိမ်တော်တွင် ရဟန်းလောင်းငါးပါးတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် ဥပဇ္ဈာယ် ဆရာတော်များက မြင့်မြတ်သော ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်တော်မူကြ၍ ဒါယကာ၊ ဒါယိကာမများက သိမ်ဆင်းလောင်းလှူကြသည်။

ယင်းနောက် အလှူတော်မင်္ဂလာ အခမ်းအနားကို ငွေရတုဓမ္မရုံသီဗိမာန်တော်၌ ဆက်လက် ကျင်းပရာ ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇနိတထံမှပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး မကွေးဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူသည်။

ထို့နောက်အလှူဒါယကာဦးမောင်မောင် (ဇေယျာရွှေမြေကုမ္ပဏီ)၊ အလှူဒါယိကာမ ဒေါက်တာနီလာသိန်း (မျက်စိအထူးကုဆရာဝန်ကြီး) မိသားစုတို့က မကွေးဆရာတော် အမှူးပြုသော ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအလှူရှင်မိသားစုသည် ဇူလိုင် ၂၉ရက်တွင် မကွေးမြို့ပေါ်ရှိ ကျောင်းတိုက် အသီးသီးတို့မှ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူခဲ့ကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၃၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၁၇)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ မွေးမြူသုတ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" ဒုတိယတွဲ (အပိုင်း-၂၀)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

မီးသတ်ဦးစီးဌာနမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မိသားစု၏ (၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၈ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)ဝင်းအတွင်းရှိ သမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ဗောဓိ စေတီတော် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရ စာသင် တိုက်တို့မှ ပင့်သံဃာငါးပါးတို့အား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဇနီး ဒေါ်မြမြဝင်း၊ အရာရှိကြီးများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသက်ကယ်နည်းစနစ် သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အသက်ကယ်နည်းစနစ် သင်တန်းအမှတ်စဉ် (၁၀/၂၀၀၇)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး ဩဂုတ် ၂၄ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာဝန်ကြီးများနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

Geofman Pharmaceuticals, Hero International Enterprise Ltd. နှင့် Sander Myanig Company Ltd.တို့က ကြီးမှူး၍ဆရာဝန်ကြီးများနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေထံ Hero International Co. Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင် (ခ)ဦးယူစွပ်က ရခိုင်ပြည်နယ် လူမှုဖူလုံရေးနှင့် ကျန်းမာရေးကိစ္စတို့တွင် အသုံးပြုရန်ငွေကျပ် ၂၅သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ Geofman Group of Companies အထွေထွေမန်နေဂျာ မစ္စတာဇဖားရှာဂျဟန်နှင့် စန္ဒာမြိုင်ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာ ဒေါ်ဖြူဖြူခင်တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ထို့နောက် Geofman Group of Companies အထွေထွေမန်နေဂျာ မစ္စတာဇဖားရှာဂျဟန်က ဆေးပစ္စည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာသူများအား ကံစမ်းမဲ လက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

Geofman Pharmaceuticals, Pakistan သည် ISO 9001:2000 လက်မှတ်ရကုမ္ပဏီဖြစ်ပြီး Pakistan နိုင်ငံတွင် ၁၉၇၃ခုနှစ်မှစတင်၍ ဆေးဝါးအမျိုးပေါင်း ၂၀၀ကျော်ကို ထုတ်လုပ်၍ နိုင်ငံပေါင်း ၁၈နိုင်ငံသို့ ဆေးဝါးများ တင်ပို့ရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

Geofman Pharmaceuticals, Pakistan ဆေးကုမ္ပဏီက ဆေးဝါးများကို ၂၀၀၄ခုနှစ်မှစတင်၍ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် စန္ဒာမြိုင်ကုမ္ပဏီလီမိတက်က တင်သွင်းဖြန့်ဖြူးရောင်းချပေးနေသည်။

Geofman Pharmaceuticals, Pakistan ၏ ဆေးတစ်မျိုးဖြစ်သော Nuramine Forte စားဆေးနှင့် ထိုးဆေးသည် ဈေးကွက်တွင် အာနိသင်ကောင်းမွန်သော အာရုံကြောအားတိုးဆေး တစ်မျိုးအဖြစ် လူသိများသောဆေးဖြစ်သည့် Nuramine Forte စားဆေးတွင် ဗီတာမင် B.1(100)mg B.6(200)Mg နှင့် B.12(200)mg တို့ပါဝင်ပြီး ထိုးဆေးတွင် B.1(100) mg, B.6(100)Mg နှင့် B.12 (1000) mg တို့ ပါဝင်ကြသည်။

Nuramine Forte ဆေးသည် ဗီတာမင်ဘီအုပ်စု ချို့တဲ့မှုကြောင့် ဖြစ်ပေါ်တတ်သော ညောင်းညာကိုက်ခဲခြင်းနှင့် ခြေလက်ထုံကျင်ခြင်း၊ မောပန်းနုံးချည့်ခြင်းဝေဒနာများ၊ Vitamin B-1 ချို့တဲ့မှုကြောင့်ဖြစ်သော ဘယ်ရီဘယ်ရီခေါ် နှလုံးပျက်စီးခြင်းရောဂါ၊ အရက်သောက်ခြင်းနှင့် ယှဉ်တွဲနေသော Vitamin ချို့တဲ့မှုကြောင့် ဖြစ်ပေါ်သော ခြေလက်ပြင်းစွာကိုက်ခဲခြင်း၊ အရက်နာကျခြင်းနှင့် အရက်ကြောင့် ဖြစ်ပွားသော ဦးနှောက် ရောင်ရမ်းခြင်းတို့ကို ကုသရာတွင် အထူးထိရောက်မှုရှိသည်။ ၎င်းအပြင် အသက်ကြီး၍ သတိလက်လွတ် သူငယ်ပြန်ဖြစ်ခြင်း၊ အာရုံကြောရောင်ရမ်းခြင်းကြောင့် မျက်နှာတစ်ခြမ်းဆိုးရွားစွာနာကျင်ခြင်း ဝေဒနာတို့တွင်လည်း အသုံးပြုနိုင်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စန္ဒာမြိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်ဖြူဖြူခင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိမိတို့တည်ဆောက်နေသည့် ဒီမိုကရေစီနိုင်ငံတော်သည် အနောက်နိုင်ငံများ၏ ဒီမိုကရေစီပုံစံနှင့် တစ်ထပ်တည်းကျ
သို့သော် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိမှု၊ တရားဥပဒေစိုးမိုးမှုဆိုသည့် နိုင်ငံတကာနှုန်းစံများနှင့် ဆီလျော်

* ရှေ့ဖုံးမှ

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအတွက် နိုင်ငံတော်က အလေးထား စီမံဖွင့်လှစ်ပေးနေသည့် အထူးမွမ်းမံသင်တန်းကို ယခုကဲ့သို့ ပြီးမြောက်အောင်မြင်အောင် တက်ရောက် နိုင်ခဲ့ကြခြင်းသည် နိုင်ငံတော်က မိမိတို့အပေါ် အပ်နှင်းလိုက်သည့် တာဝန်တစ်ရပ်ကို ကျေကျေပွန်ပွန် ထမ်းရွက်လိုက်နိုင်ခြင်းဖြစ်သည့်အတွက် ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်မှုတစ်ရပ်ဟု မှတ်ယူရမှာဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် မိမိအဆစ်အပိုင်း၊ မိမိကဏ္ဍအလိုက် ကျရောက်လာသည့် တာဝန်များကို ကြီးလေးသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ အားလုံးက အောင်အောင်မြင်မြင် ကျေကျေပွန်ပွန် ကိုယ်စီကိုယ်စီ ထမ်းရွက်ကြမည်ဆိုလျှင် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အများလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကိုလည်း အချိန်တိုကာလအတွင်း တက်လှမ်းရောက်ရှိနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမတို့အနေဖြင့် ဤအထူးမွမ်းမံသင်တန်းတွင် ကြည်လင်သည့် အမျိုးသားရေးအမြင်၊ ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်၊ နိုးကြားတက်ကြွသည့် အားထုတ်မှုတို့ဖြင့် ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများကို ထမ်းရွက်ရာတွင် ကျေကျေပွန်ပွန် ဆောင်ရွက်နိုင်ကြစေရန်ဆိုသည့် ဦးတည်ချက်နှင့် နိုင်ငံတော်၏ အရေးအရာများကို လေ့လာဆည်းပူးနေကြသည့် အချိန်အခါတွင် နိုင်ငံတော်သစ်ကြီးကို သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်စေရန် ကြိုးပမ်းမှုလုပ်ငန်းစဉ်များ၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးမှာလည်း အနယ်နယ်အရပ်ရပ် အလွှာအသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်ကြီးများသည် နိုင်ငံတော်၏ အနာဂတ်အရေးအတွက် ဆန်းစစ်သုံးသပ်ဆွေးနွေးဆုံးဖြတ်လျက် ရှိနေကြကြောင်း။

ယင်းအမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည့် တစ်နေ့တွင် နိုင်ငံတော်၏ အနာဂတ်ကို ပိုင်းဖြတ်ပြဋ္ဌာန်းပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ယင်းအခြေခံဥပဒေအပေါ် ပြည်သူလူထု၏ဆန္ဒခံယူ အတည်ပြုချက်ရယူရေးနှင့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရေးစသည့် ချမှတ်ထားပြီးသော လုပ်ငန်းစဉ်များသည် တစ်ဆင့်ပြီးတစ်ဆင့် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း။

ယင်းသို့ **နိုင်ငံတော်သစ်ကို ကူးပြောင်းတက်လှမ်းသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်းတွင် ဆရာဆရာမတို့အပါအဝင် နိုင်ငံသူနိုင်ငံသားတိုင်းက မိမိတို့အပိုင်းကဏ္ဍအလိုက် ကျရောက်လာမည့် တာဝန်များကို အမျိုးသားရေးအကျိုးစီးပွား ရေရှည်တည်တံ့ဖြစ်ထွန်းရေးအမြင်ဖြင့် ကြည်ကြည်လင်လင်**

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၂)တွင် သင်တန်းသားစံပြဆုရရှိသော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဦးထွန်းငွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သုံးသပ်ရှုမြင်ပြီး ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဆန္ဒစွဲကင်းစွာဖြင့် မှန်မှန်ကန်ကန် ကျေကျေပွန်ပွန် ထမ်းရွက်ကြရန်အရေးကြီးကြောင်း။

ထို့အပြင် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ပြီးမြောက်ပြီး မျှော်မှန်းထားသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ပတ်ဝန်းကျင်ကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာမှု အခြေခံကောင်းများ၊ ပြည်သူများ အသိအမြင် ဗဟုသုတကြွယ်ဝမှု၊ ပညာရည်မြင့်မားမှုနှင့်တကွ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝမှု စွမ်းအားကောင်းများ ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ တည်ဆောက်ထားရှိနိုင်ရန် လိုအပ်ကြောင်း။

ယင်းအခြေခံကောင်း၊ စွမ်းအားကောင်းများ ပြည့်စုံစေရေးအတွက် ပညာရေးကဏ္ဍ၏ စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်မှုသည် အဓိကအခန်းကဏ္ဍတွင် ရှိနေသည်ဆိုသည်ကိုလည်း ဆရာ ဆရာမများအားလုံးက နားလည်ခံယူထားကြပြီးသည့်အတွက် ကျရောက်လာမည့် ပညာရေးဆိုင်ရာ တာဝန်အရပ်ရပ်ကို ဦးလည်မသုန် ထမ်းရွက်သွားကြရန် ပိုင်းဖြတ်ထားပြီးဖြစ်မည်ဟုလည်း ယုံကြည်ထားကြောင်း။

နိုင်ငံတကာကို ကြည့်လျှင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာရေးကဏ္ဍ တိုးတက်မြင့်မားမှသာလျှင် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟချက်၊ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက် လျော့နည်းလာမှုနှင့်အတူ ငြိမ်းချမ်းသာယာပြီး ညီညွတ်မျှတသည့် ကမ္ဘာကြီးပေါ်ထွန်းလာမည်ဆိုသည့် ယုံကြည်ခံယူချက်နှင့် အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို ကိုယ်စီကိုယ်စီ ချမှတ် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် Globalization ခေတ်ကာလတွင် ပညာရည်မြင့်မားပြီး အမျိုးသားရေးအသိအမြင်ကြွယ်ဝသည့် လူမျိုးသာလျှင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို နိုင်ငံတကာမျက်နှာစာတွင် ထိထိရောက်ရောက် ဖော်ဆောင်နိုင်သည်နှင့်အမျှ သူတကာနှင့် တန်းတူရည်တူ ရှင်သန်ရပ်တည်နိုင်မည်ဆိုသည့် သာဓကများကိုလည်း ထင်ထင်ရှားရှား တွေ့မြင်နေရပြီးဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရေးမြှင့်တင်မှုလုပ်ငန်းများသည် ကျယ်ဝန်းနက်ရှိုင်းသလောက် အမျိုးသားရေးအနှစ်သာရနှင့် ပြည့်လျှမ်းလျက်ရှိသည့်အပြင် မိမိနိုင်ငံ မိမိလူမျိုး၏အနာဂတ် တည်ငြိမ်ခိုင်မာရေးအတွက် ရေရှည်မျှော်မှန်းဆောင်ရွက်နေကြရသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးလည်း ဖြစ်သည်ဆိုသည်ကို ဆရာ ဆရာမများအားလုံးက စွဲစွဲမြဲမြဲခံယူပြီး ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများကို ကျေကျေပွန်ပွန် ထမ်းရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ယှဉ်တွဲဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ခွန်ကိုယ့်အားနှင့် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ခြင်းကြောင့် ဆရာ ဆရာမတို့ကဲ့သို့ အသိပညာရှင် အတတ်ပညာရှင်များ၊ ဆရာဝန်ကြီး သမားတော်ကြီးများ၊ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များစသည့် နိုင်ငံတော်တည်ဆောက်ရေးစွမ်းအားကောင်းများနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်နေချိန်ဖြစ်ကြောင်း။

အဘက်ဘက်တွင် ဖွံ့ဖြိုးမှုအားနည်းနေသေးသည့် နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေပြီး ယနေ့အခြေအနေ ရောက်စေသည်အထိ တိုင်းတစ်ပါးကူညီပံ့ပိုးမှု မပါသည့်အပြင် နှောင့်ယှက်ဖျက်ဆီးမှုအဖုံဖုံကြားက ပြန်လည်တည်ဆောက် တည့်မတ်ပေးနိုင်ခဲ့သည်မှာလည်း မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ ဂုဏ်ယူဝင့်ကြွားဖွယ် စွမ်းအားကောင်း၊ စိတ်ဓာတ်ကောင်း၊ စွမ်းဆောင်ရည်ကောင်းများကြောင့်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်စေရေးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင် အတတ်ပညာရှင်စွမ်းအားစုများ၊ သိပ္ပံနှင့်နည်းပညာ တိုးတက်ထွန်းကားခိုင်မာမှု စွမ်းအားကောင်းများ အစဉ်ထာဝရရှင်သန်ဖွံ့ဖြိုးနေစေရေအောင် ပညာရေးကဏ္ဍကနေ စဉ်ဆက်မပြတ် ကြိုးပမ်းဖြည့်ဆည်းပေးကြရန် တာဝန်ရှိသည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်းအစဉ်အလာများ၊ မျက်မှောက်ခေတ်ကာလ ပကတိအခြေအနေများနှင့် အနာဂတ်အလားအလာများ၊ နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဆီလျော်ညီညွတ်သည့်အပြင် နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်နိုင်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ ခိုင်ခိုင်မာမာ ပေါ်ထွန်းလာစေရအောင် ခင်းကျင်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ယင်းအတွက် ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ မျှော်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ပေါ်လာရေးကို ဖန်တီးဖော်ဆောင်ပေးနိုင်သည့် အပြင် ယင်းအခြေခံကောင်းများသည် အစဉ်ထာဝရ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်နေစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည့် ဂုဏ်ရည်များနှင့် ပြည့်စုံသည့် အစဉ်ရှင်သန်နေသော ပညာရေးစွမ်းအားကို လိုက်လျောညီထွေ ကြိုးပမ်းတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲ ဖြစ်ပေါ်နေသည့် နိုင်ငံတကာအခြေအနေ၊ မိမိနိုင်ငံ၏အခြေအနေ၊ ရှေ့အနာဂတ် အလားအလာတို့နှင့်အညီ မြန်မာ့လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်မည့် ပညာရပ်များ၊ ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ပညာရပ်များကို အမြဲမပြတ် တီထွင်ဖန်တီး လေ့လာသင်ကြားနေကြရန် လိုအပ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ် အသီးသီးသည် ပညာရပ်ဆိုင်ရာ Academic အပိုင်းတွင် ဘာသာရပ်အလိုက် နက်နက်ရှိုင်းရှိုင်း လေ့လာနိုင်ရန်၊ သုတေသနပြုနိုင်ရန်၊ ပညာရပ် တိုးတက်ပြန့်ပွားရေးအတွက် ဖန်တီးကြံဆောင်ပေးနိုင်ရန် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

ထို့ပြင် လက်တွေ့ဘဝနှင့်ဆက်စပ်ပြီး ခေတ်နှင့်လျော်ညီသည့် ပညာရပ်မျိုးများ၊ IT နည်းပညာ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ကုန်ထုတ်လုပ်ရေးတို့ကဲ့သို့ လုပ်ငန်းခွင်နှင့်ဆက်စပ်သည့် ပညာရပ်များ၊ ပညာရပ်မျိုးကွဲသစ်များ ဖော်ထုတ်သင်ကြားပေးကြရန် လိုအပ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များက ဘွဲ့ဒီဂရီရရှိလာသည့် လူ... စတင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်သည့် ... e-Banking စနစ်များနှင့် အံဝင်ခွင်ကျ ... ပေးလိုက်ရမှာ ဖြစ်ကြောင်း။

ယနေ့ မြန်မာ့ပညာရေးကဏ္ဍတွင် ... ပညာရပ်အထွေထွေကို ရွေးချယ်သင်ယူနိုင်... မပြတ် အဆင့်ဆင့် တက်လှမ်းသင်ယူ... ပညာရည် အရည်အသွေး တိုးတက်မြင့်မား... ပွင့်လန်းလျက် ရှိနေပြီဖြစ်ကြောင်း။

သို့သော်လည်း ပညာရေးနှင့် လက်... နှင့် လုပ်ငန်းခွင် ဆက်စပ်နိုင်မှု၊ နိုင်ငံတော်... လိုအပ်ချက်များကို ပညာရေးကဏ္ဍက ... အလေးထား မြှင့်တင်ပေးကြရန် လိုအ... ကောလိပ်အသီးသီးက ဖော်ထုတ်လိုက်သ... လူ့ဘောင်ဘဝ တိုးတက်ဖြစ်ထွန်းရေးအတွ... နိုင်စေမည့် အခြေခံများ ပေါင်းကူးတည်ဆေ...

ယင်းအတွက် ဆရာ ဆရာမ... လေ့လာဆည်းပူးနေရန်၊ သုတေသန လုပ်... သကဲ့သို့ ဖော်ထုတ်တွေ့ရှိချက်များကို သက်... ကျောင်းသူ၊ ကျောင်းသားများ၏ ပညာ... အတွက် ပြန်လည်အသုံးချနိုင်စေရန်လည်း...

သို့မှသာ အစဉ်လေ့လာသင်ယူပြီး... ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွ... မပြတ် လေ့လာသင်ယူနေမှု အလေ့အကျင့်... ပရဝဏ်မှသည် မြန်မာ့လူ့ဘောင်အဖွဲ့အစ... ပြန့်ပြန့် လွှမ်းခြုံဖြစ်ထွန်းလာမှာဖြစ်ကြေ...

ယနေ့အခြေအနေတွင် နိုင်ငံတော... သည် အတိုင်းအတာတစ်ခုအထိ အောင်... မျှော်မှန်းသည့် အမျိုးသားပညာရေးပန်းတို... နိုင်မည့် လမ်းကြောင်းမှန်ပေါ်ကို စတင်ဝ... ဖြစ်ကြောင်း။

နိုင်ငံတော်သစ်တည်...
ဘေးပယောဂရှော...

ယင်းသို့ အရှိန်အဟုန်ဖြင့် တိုးတ... အခြေခံကောင်းများက ဖန်တီးဖော်ဆောင်... များ၊ အခြေအနေကောင်းများကို ဆရာ ဆ... များနှင့် ပေါင်းစပ်မြှင့်တင်ပေးနိုင်သည်န... သည်လည်း နယ်ပယ်ကဏ္ဍစုံမှာ အရှိန်... အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်... တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေ... ရေးတို့အတွက် ရည်မှန်းချက်မြင့်မားစွာ... ကျယ်ပြန့်သကဲ့သို့ လွန်စွာသိမ်မွေ့နက်ရှိ... တစ်မျိုးသားလုံး၏ ပေါင်းစည်းညီညွတ်... မနားမနေ ကြိုးပမ်းအကောင်အထည်ဖော်...

နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရ... တစ်ရပ်၏ သာမန်ဝတ္တရားများထက် ပိုမိုခ... ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြ... ဆိုးမွေများ မြန်မာ့မြေပေါ်က အပြီးတိုင်ပပျေ... ပဋိပက္ခများ ချုပ်ငြိမ်းအောင်၊ တိုင်းရင်းသာ... ကွဲလွဲဆန့်ကျင်နေမှုများ ပပျောက်အောင်၊... ပြန်လည်သွေးစည်း ခိုင်မာလာအောင် နှစ်... ပြီး အမြော်အမြင်ကြီးမားသည့် သန္နိဋ္ဌာန်စိ... ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွ... ဖြင့် ဖွံ့ဖြိုးမှုအခြေခံ အဆောက်အအုံများ ... ကနေ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး... တာတမံများ၊ မြစ်ကူးချောင်းကူးတံတားကြီ... ဆိပ်ကမ်းနှင့် လေဆိပ်ကြီးများအဆုံး အ... ခြင်းဖြစ်ကြောင်း၊ ထို့အပြင် နယ်စပ်ဒေ...

မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီ လူမှုအဖွဲ့အစည်းသည် မိမွေဖမွေ ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီးကို မယိုင်လဲမပြိုကွဲရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရင်း တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူ ပူအမျှ ပေါင်းစည်းနေထိုင်ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လက်တွဲဆောင်ရွက်ကြမည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို မျှဝေခံစားကြမည့်၊ တိုင်းရင်းသားလူမျိုး အသီးသီး၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားကို ညီညွတ်မျှတအောင် ဖော်ဆောင်ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည့် လူ့ဘောင်ပင်ဖြစ်။

...နှင့် တစ်ထပ်တည်းကျချင်မှကျမည်
...န်းစံများနှင့် ဆီလျော်ကိုက်ညီမှာဖြစ်

ရင်းရင်းနှီးနှီး နှုတ်ဆက်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၂)မှသင်တန်းသား၊သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သစ်တည်ဆောက်ရေး တစ်မျိုးသားလုံး လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့၍ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစပြုနေပြီ ဘေးပယောဂရှောင်ရှား၊ အဖျက်လုပ်ရပ်ဆန့်ကျင်ရင်း အသွင်ကူးပြောင်းရေးဖြစ်စဉ် အကောင်အထည်ပေါ်ရေး ဝိုင်းဝန်းကြိုးပမ်း

ကောလိပ်များက ဘွဲ့ဒီဂရီရရှိလာသည့် လူငယ်များသည် နိုင်ငံတော်အပိုင်းက စတင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်သည့် e-Government, e-Commerce, e-Banking စနစ်များနှင့် အံဝင်ခွင်ကျ ဖြစ်စေရအောင် လေ့ကျင့်သင်ကြားပေးလိုက်ရမှာ ဖြစ်ကြောင်း။

ယနေ့ မြန်မာ့ပညာရေးကဏ္ဍတွင် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ၊ ပညာရပ်အထွေထွေကို ရွေးချယ်သင်ယူနိုင်မှု အခွင့်အလမ်းများ၊ စဉ်ဆက်မပြတ် အဆင့်ဆင့် တက်လှမ်းသင်ယူနိုင်မှု အခွင့်အလမ်းများနှင့်တကွ ပညာရည် အရည်အသွေး တိုးတက်မြင့်မားမှု အခြေခံကောင်းများပါ တိုးတက်ပွင့်လန်းလျက် ရှိနေပြီဖြစ်ကြောင်း။

သို့သော်လည်း ပညာရေးနှင့် လက်တွေ့ဘဝ ဆက်စပ်နိုင်မှု၊ ပညာရေးနှင့် လုပ်ငန်းခွင် ဆက်စပ်နိုင်မှု၊ နိုင်ငံတော်၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ လိုအပ်ချက်များကို ပညာရေးကဏ္ဍက ဖြည့်ဆည်းပေးနိုင်မှု အပိုင်းများကို အလေးထား မြှင့်တင်ပေးကြရန် လိုအပ်နေသေးကြောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးက ဖော်ထုတ်လိုက်သည့် သုတေသနတွေ့ရှိချက်များကို လူ့ဘောင်ဘဝ တိုးတက်ဖြစ်ထွန်းရေးအတွက် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်စေမည့် အခြေခံများ ပေါင်းကူးတည်ဆောက်ပေးကြရဦးမှာ ဖြစ်ကြောင်း။

ယင်းအတွက် ဆရာ ဆရာမများကိုယ်တိုင်က စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရန်၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေရန် လိုအပ်သကဲ့သို့ ဖော်ထုတ်တွေ့ရှိချက်များကို သက်ဆိုင်ရာပညာရပ်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရည်အရည်အသွေး တိုးတက်မှုတို့အတွက် ပြန်လည်အသုံးချနိုင်စေရန်လည်း လိုအပ်ကြောင်း။

သို့မှသာ အစဉ်လေ့လာသင်ယူပြီး အစဉ်ရှင်သန် တိုးတက်နေသည့် ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းခိုင်မြဲနေမှာဖြစ်သကဲ့သို့ စဉ်ဆက်မပြတ် လေ့လာသင်ယူနေမှု အလေ့အကျင့်ကောင်းများသည်လည်း တက္ကသိုလ်ပရဝဏ်မှသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးအထိ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ယနေ့အခြေအနေတွင် နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက်များသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် မျှော်မှန်းသည့် အမျိုးသားပညာရေးပန်းတိုင်ဆီကို တည့်မတ်စွာ လျှောက်လှမ်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်ကို စတင်တက်လှမ်းရောက်ရှိနေပြီဟု ဆိုရမှာ ဖြစ်ကြောင်း။

ယင်းသို့ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာနေသည့် ပညာရေးအခြေခံကောင်းများက ဖန်တီးဖော်ဆောင်ပေးလာသည့် အလားအလာကောင်းများ၊ အခြေအနေကောင်းများကို ဆရာ ဆရာမတို့၏ အားထုတ်ကြိုးဆောင်မှုများနှင့် ပေါင်းစပ်မြှင့်တင်ပေးနိုင်သည်နှင့်အမျှ မိမိတို့၏ နိုင်ငံတော်ကြီးသည်လည်း နယ်ပယ်ကဏ္ဍစုံမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးတို့အတွက် ရည်မှန်းချက်မြင့်မားစွာထားရှိပြီး ထုထည်ပမာဏကြီးမားကျယ်ပြန့်သကဲ့သို့ လွန်စွာသိမ်မွေ့နက်ရှိုင်းလှသည့် လုပ်ငန်းတာဝန်များကို တစ်မျိုးသားလုံး၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် တစိုက်မတ်မတ် မနားမနေ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အစိုးရတစ်ရပ်၏ သာမန်ဝတ္တရားများထက် ပိုမိုခက်ခဲနက်နဲလှသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး သမိုင်း၏ ဆိုးမွေများ မြန်မာ့မြေပေါ်က အပြီးတိုင်ပပျောက်သွားစေရအောင်၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်၊ တိုင်းရင်းသားသွေးချင်းများအကြား သံသယပွားကွဲလွဲဆန့်ကျင်နေမှုများ ပပျောက်အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်သွေးစည်း ခိုင်မာလာအောင် နှစ်ဦးနှစ်ဖက် သဘောထားကြီးစွာထားပြီး အမြော်အမြင်ကြီးမားသည့် သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးမှုအခြေခံ အဆောက်အအုံများ ချို့တဲ့ယိုယွင်းနေသည့် အခြေအနေကနေ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ ဆည်မြောင်းတာတမံများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ နိုင်ငံတကာအဆင့်မီ ပင်လယ်ဆိပ်ကမ်းနှင့် လေဆိပ်ကြီးများအဆုံး အလုံးအရင်းနှင့် တည်ဆောက်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး၏ နယ်မြေဒေသအစိတ်အပိုင်းများအကြား ဆူကြုံနိမ့်မြင့် ဖွံ့ဖြိုးမှုကွာဟချက် အခြေအနေများ တဖြည်းဖြည်း ကျဉ်းမြောင်းပပျောက်သွားစေရအောင် အမျိုးသားအဆင့် စီမံကိန်းကြီးများကို နိုင်ငံတစ်ဝန်းလုံးတွင် ကွက်ပြည့်နှင်းချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရခြင်းဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍတွင်လည်း ဗဟိုအုပ်ချုပ်မှုစနစ်မှ ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့ရသကဲ့သို့ ကာလကြာမြင့်စွာ စီးပွားရေးလုပ်ငန်းများ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာကျင့်စဉ်များနှင့် အလှမ်းဝေးကင်းကွာနေခဲ့သည့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များကို နိုင်ငံတကာနှင့်ကူးသန်းရောင်းဝယ်ဆက်ဆံနိုင်သည့် အဆင့်ထိတက်လှမ်းလာစေရန်နှင့် စက်ရုံအလုပ်ရုံများ၊ အခြေခံအဆောက်အအုံများကင်းမဲ့နေသည့် အခြေအနေမှ စက်မှုဇုန်များ၊ စက်မှုမြို့ပြများ၊ နိုင်ငံတကာအဆင့်မီ စက်ရုံ၊ အလုပ်ရုံကြီးများ ပေါ်ထွန်းလာစေရအောင် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်ပေးခဲ့ရခြင်းဖြစ်ကြောင်း။

တစ်ပြိုင်တည်းမှာပင် ပြည်သူအများ လိုလားတောင့်တကြသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာစေရန် နိုင်ငံရေး၊ လူမှုရေးကဏ္ဍများ အပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် အမျိုးသားရေးမျှော်မှန်းချက်များ ချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့ရသကဲ့သို့ ယခုတိုင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေရဆဲလည်းဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏တန်ဖိုး၊ အမျိုးသားရေးအကျိုးစီးပွား၏ အနှစ်သာရတို့ကို ဖော်ထုတ်မြှင့်တင်ရင်း အမျိုးသားသွေးစည်းညီညွတ်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ လူမှုရေးတရားမျှတမှု၊ နိုင်ငံရေးတည်ငြိမ်ခိုင်မာမှု၊ အစိုးရယန္တရား သန့်ရှင်းရှင်သန်ဖွံ့ဖြိုးမှုစသည့် ဂုဏ်ရည်များနှင့် ပြည့်စုံသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှု၊ လူနေမှုဘဝမြင့်မားမှု၊ လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု၊ အမျိုးသားယဉ်ကျေးမှုကို လေးစားမြတ်နိုးထိန်းသိမ်းမှု၊ နိုင်ငံကြီးသားပီသမှု၊ မိမိ နိုင်ငံမိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွားမှု၊ ယုံကြည်အားကိုးမှုစသည့် လူမှုအရည်အသွေးနှင့် စိတ်ဓာတ်ရေးရာစွမ်းအားများ မြင့်မားခိုင်ကျည်လာစေရအောင် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ယင်းအခြေခံကောင်း၊ စွမ်းအားကောင်းများ ရင့်ကျက်ခိုင်မာလာသည်နှင့်အမျှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးသို့ ညင်သာသိမ်မွေ့စွာ ကူးပြောင်းတက်လှမ်းနိုင်ရေး လုပ်ငန်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

မိမိတို့ ကြိုးပမ်းတည်ဆောက်နေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးသည် အနောက်တိုင်းနိုင်ငံများ၏ ဒီမိုကရေစီပုံစံနှင့် တစ်ထပ်တည်းကျချင်မှ ကျမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီစနစ်သည် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိ မှု၊ တရားဥပဒေစိုးမိုးမှုဆိုသည့် နိုင်ငံတကာနှုန်းစံများ၊ နိုင်ငံတကာက လက်ခံထားသည့် မူကြီးများနှင့် ဆီလျော်ကိုက်ညီမှာဖြစ်ကြောင်း။

မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီ လူမှုအဖွဲ့အစည်းသည် မိမွေဖမွေ ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီးကို မယိုင်လဲမပြိုကွဲရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရင်း တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူပူအမျှ ပေါင်းစည်းနေထိုင်ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လက်တွဲဆောင်ရွက်ကြမည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို မျှဝေခံစားကြမည့်၊ တိုင်းရင်းသားလူမျိုး အသီးသီး၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားကို ညီညွတ်မျှတအောင် ဖော်ဆောင်ထိန်းသိမ်း မြှင့်တင်ပေးနိုင်မည့် လူ့ဘောင်ပင်ဖြစ်ကြောင်း။

ယင်းသို့ပေါ်ထွန်းလာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ သီးသန့်ပိုင်ဆိုင်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နှင့် ဓလေ့ထုံးစံများ၊ မြန်မာ့တွေးခေါ်မြော်မြင်မှု သဘောတရားနှင့် လူမှုရေးနှုန်းစံများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ဆက်လက်ထွန်းကား ပြန့်ပွားစည်ပင်စေရအောင် ထိန်းသိမ်းစောင့်ရှောက်ရင်း ပြည်ထောင်စုကြီး၏ ထူးခြားလေးနက်သည့် ပင်ကိုသဘာဝနှင့် အနှစ်သာရတို့ကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရအောင် ထိန်းသိမ်းကာကွယ်သွားမည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုပင် ဖြစ်ကြောင်း။

မွန်မြတ်မြင့်မားလှသည့် ယင်းမျှော်မှန်းချက်များ၊ အမျိုးသားရေး ဦးတည်ချက်များကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ယခုဆိုလျှင် ပထမအဆင့်လုပ်ငန်းဖြစ်သည့် အမျိုးသားညီလာခံကြီးမှသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံရမည့် မူကြီးများနှင့်အသေးစိတ်မူများ ချမှတ်မှုလုပ်ငန်းသည် မကြာမီ အောင်မြင်ပြီးစီးတော့မည်ဖြစ်ကြောင်း။

ထုထည်ပမာဏ ကြီးမားကျယ်ပြန့်သကဲ့သို့ သိမ်မွေ့နက်ရှိုင်းလှသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများကို ဆယ်စုနှစ် နှစ်စုခန့်နီးပါး နေ့မအား ညမနား တစ်မျိုးသားလုံး မဆုတ်မနစ် လက်တွဲကြိုးပမ်းဆောင်ရွက် လာခဲ့ကြသည့်အတွက် ယခုဆိုလျှင် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစပြုနေ ပြီဖြစ်ကြောင်း၊ တစ်မျိုးသားလုံး မျှော်မှန်းတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးသည်လည်း မျှော်မှန်းပုံဖော် ရူမြင်နိုင်လောက်အောင် လက်တစ်ကမ်းတွင် ရောက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ တစ်မျိုးသားလုံး ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် အကျိုးဖြစ်ထွန်းလာတော့မည့် အခြေအနေ အချိန်အခါကောင်းတွင် ရရှိပြီး အကျိုးရလဒ်ကောင်းများ ပျက်ပြားဆုံးရှုံးမသွားစေရအောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရန် ဆရာ ဆရာမများအပါအဝင် နိုင်ငံသူ နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်(၇)ရပ် နှောင့်နှေးပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးမှုများ အပါအဝင် အဖျက်အမှောင့်သမားများ လုပ်ဆောင်နေကြသည့် သွေးထိုးလှုံ့ဆော်မှုများ၊ တိုင်းဆူပြည်ဖျက် လုပ်ရပ်များ၏ မားယွင်းသည့် ရည်ရွယ်ချက်နှင့် ဆိုးညစ် သည့် လုပ်ရပ်များကို ပြည်သူများအားလုံးက သဲသဲကွဲကွဲ သိမြင်ပြီး ဘေးပယောဂများရှောင်ရှား၊ အဖျက်လုပ်ရပ်များကို ဆန့်ကျင်ရင်း နိုင်ငံတော်သစ်အသွင်ကူးပြောင်းရေး ဖြစ်စဉ်အဆင့်ဆင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာ စေရအောင် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများကလည်း မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး အမှားအမှန်ကို ခွဲခြားဝေဖန်သုံးသပ်နိုင်သည့် အသိဉာဏ်ပညာဖြင့် ပြည့်စုံစေရအောင်၊ အသိအမြင်အတွေ့အကြုံကြွယ်ဝပြီး ရင့်ကျက်သည့် သဘောထားများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားကို ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ—

- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရေးအတွက် ပြည်သူ များ၏ အမျိုးသားရေး အသိအမြင် နိုးကြားခိုင်မာစေရအောင်၊ မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့် စွမ်းရည်နှင့် စိတ်ဓာတ် ပြည့်ဝခိုင်မာစေရအောင် ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍက ပံ့ပိုးထောက်ကူပေးရမည့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် (စီ-၂၇) ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဦးထွန်းငွေအားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ် (အေ-၅၃) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ပုသိမ်)မှ မော်ကွန်းထိန်း(ကထိက) ဒေါ်အေးအေးမော်အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုကို

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများ တက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၂၇ ရက်တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး မြို့ပြဆိုင်ရာ အဆောက်အအုံတည်ဆောက်မှု အခြေအနေနှင့် တိုက်နယ်ဆေးရုံပုံစံကို ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်စန်းက ရှင်းလင်းတင်ပြ၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက အဆောက်အအုံကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ တိုက်နယ်ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ တောင်သာမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သော ဝန်ကြီး ဦးအောင်သောင်းမိသားစု၏ ဒွါဒသမအကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၀၆–၂၀၀၇ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ (၄)ဘာသာဂုဏ်ထူးရှင် မသန္တာအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တလိုင်းရွာသစ် အခြေခံပညာ အထက်တန်းကျောင်းရှိ ဦးအာလောကခန်းမ၌ ဇူလိုင် ၂၈ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပသော ဧကာဒသမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားပြီး ၂၀၀၆–၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးရှင် မောင်ဟိဏ်းသူဝေနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသော ဆရာ၊ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်တင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တလိုင်းရွာသစ် အခြေခံပညာအထက်တန်း နဝမတန်းမှ သူငယ်တန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများနှင့်တံတားအခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ သူငယ်တန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား ဗဟိုအတွင်းရေးမှူးဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တလိုင်းရပ် ရွာသစ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်တင့်က ကျောင်း၏ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် ကျေးဇူးတင်စကားတို့ကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီ မိသားစု၏ ဒွါဒသမအကြိမ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် ဝဲလောင်အခြေခံပညာအထက်တန်းကျောင်းရှိ ဗိုလ်ရာညွှန့်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အမှာစကား ပြောကြားပြီး ဝဲလောင်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဝင်းက ကျောင်း၏ပညာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝဲလောင်အခြေခံပညာအထက်တန်းကျောင်း ၂၀၀၆–၂၀၀၇ခုနှစ် သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုပေးအပ်ချီးမြှင့်ရာ နဝမတန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းကလည်းကောင်း၊ အဋ္ဌမတန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီက လည်းကောင်း၊ သတ္တမတန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်သာကလည်းကောင်း၊ တတိယတန်းနှင့် ဒုတိယတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးကလည်းကောင်း၊ ပထမတန်းနှင့် သူငယ်တန်း တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောက်ကာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ ၂၀၀၆–၂၀၀၇ ခုနှစ်သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ အား တာဝန်ရှိသူများက ဆုနှင့်ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား အဋ္ဌမတန်းကျောင်းသူ မရွှန်းလဲ့ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စွပ်ကျယ်စက်ရုံ(တောင်သာ)သို့ သွားရောက်ပြီး စက်ရုံ၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံခရိုင် တောင်သာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း မိသားစု၏ ဒွါဒသမ အကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် လေးဘာသာဂုဏ်ထူးရှင် မသန္တာအောင်နှင့် မောင်ဘဏ်လင်းအောင်တို့အား လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် မဥမ္မာမင်းအားလည်းကောင်း၊ နှစ်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အားလည်းကောင်း၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ၊ ဆရာမများကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်မာလာ မေသင်အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၏ ဇနီး ဒေါ်ခင်ခင်ရီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် တောင်သာမြို့နယ်မှ ချို့တဲ့ကျောင်းသား ၅၀ တို့အား ပညာသင်ထောက်ပံ့ငွေ များကိုလည်းကောင်း၊ တောင်သာအခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရုံးစည်ကြီး အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဇရပ်ကြီး အခြေခံပညာအထက်တန်း ကျောင်းခွဲ၊ ဖက်တောအခြေခံပညာအထက်တန်း ကျောင်း၊ မြေဖြူကုန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မင်းစု၊ နန်းတဲ၊ နဇောင်၊ ပုဒါတ်စာကုန်း အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျောင်းခွဲတို့မှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများကဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တောင်သာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလှူဒါန်းသော ကျောင်းသုံးစာရေး ခုံများကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ပေးအပ်လှူဒါန်းသည်။

ထို့နောက် တောင်သာမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်မာလာမေသင်နှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကိုယ်စား မောင်ဘဏ်လင်းအောင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ (သတင်းစဉ်)

တောင်ငူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

တောင်ငူအသင်း(အုတ်တွင်း–ထန်းတပင်အပါအဝင်)ဆဋ္ဌမအကြိမ်မြောက် ဝါဆို သင်္ကန်းကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၅ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း၊ဓမ္မသုခတိုက် ဇေယျာအောင်မြေ ကျောင်း၌ ကျင်းပမည်ဖြစ်၍ မြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ ပညာရည်ချွန်ဆုအတွက် ၂၀၀၆–၂၀၀၇ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်သားသမီးများ အမှတ်စာရင်း မိတ္တူနှင့်အတူ ဥက္ကဋ္ဌ ဦးထွန်းထွန်း (ဘုရင့်နောင်) ဖုန်း–၅၄၃၉၅၈၊ ၀၉–၅၀၀၁၉၀၃၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လှလှ ဖုန်း–၀၉–၅၁၀၅၄၁၁၊ တွဲဖက်အတွင်းရေးမှူး ဦးတင်လှ ဖုန်း–၇၂၂၇၈၅၊ အမှုဆောင် ဒေါ်မြင့်မြင့်စန်းဖုန်း–၅၁၉၅၀၉၊ ၀၉–၅၁၂၅၄၄၅တို့ထံ ပေးပို့ရန်နှင့်လှူဖွယ်ပစ္စည်း၊ သင်္ကန်းများကို ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကျီးသဲနယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ကျီးသဲနယ်အတွင်း၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အပါး၁၅၀နှင့် သီလရှင်ဆရာကြီး ၁၅ပါး တို့အား (၁၃၆၉ ခု ဒုတိယ ဝါဆိုလဆုတ် ၁၄ ရက်) တနင်္ဂနွေနေ့တွင် ကျီးသဲမြို့၌ အဋ္ဌမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် ဝတ်စုံလှူဒါန်းမည် ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များနှင့် ကျီးသဲသူ၊ ကျီးသဲသားများ သည် အရှင်ကုဏ္ဍလ(ကျီးသဲ)ပဋ္ဌနိကာယ သာသနာ့ဗိမာန် ကံဘဲ့ ရန်ကင်း၊ ဒေါ်နီနီအေး ဖုန်း–၀၉၅၁၅၉၀၁၂၊ ကျီးသဲမြို့ ဖုန်း ၀၅၃–၄၀၂၉၀၊ ၄၀၂၉၁၊ ၄၀၂၉၂ ထံ ဩဂုတ် ၁၀ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၃၀

ဗဟန်းမြို့နယ် ဇီဝိတ ဒါနသံဃာ့ဆေးရုံကြီး၏ (၂၁)ကြိမ် မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၈ရက် နံနက်၁၀နာရီက အဆိုပါ ဆေးရုံကြီး ရာဇဂြိုဟ်ဆောင် အလှူတော် မင်္ဂလာခန်းမ၌ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဒေါပုံမြို့နယ် သာသနာ့ အလင်းရောင်ကျောင်းတိုက် နာယက ဆရာတော် တိပိဋကဓရ ဒီဃ ဘာဏက ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ နိကာယဉ္စောတက ဓမ္မဝိသာရဒ ဒီဃ ဘာဏက ဘဒ္ဒန္တ ဇောတိက ဆရာတော် ကြီးထံမှ ကိုးပါးသီလခံယူ ဆောက် တည်ကြပြီး ဆရာတော်ကြီးနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင် တင်ပြလျှောက်ထားပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပင့်သံဃာ၁၀ပါးနှင့် အတူ ဆေးရုံ တက်ရောက်ကုသမှု ခံယူနေသော ဂိလာနသံဃာငါးပါးတို့ကိုလည်း ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ကမာရွတ်မြို့နယ် (၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးနှင့် တာဝန်ရှိသူများ ဇူလိုင် ၁၄ ရက်က ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

သီရိသုဓမ္မ မဏိဇောတဓရ ဦးလှမြင့်(ကေသီပန်ဆေးတိုက်)၊ ဦးကြည်စိုး၊ သမီးမဌေးဌေးရီ မိသားစုက သံဃာ့တက္ကသိုလ်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ဆရာဖြစ်သင်တန်း(ကမ္ဘာအေး) ရေကူးဘူတာရုံလမ်း သာသနာ့နုဂ္ဂဟ အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးထံ အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းနှင့်ဇနီး ဒေါ်တင်တင်အေးအား ရည်စူး၍ တူ၊ တူမများဖြစ်သော ဒေါ်ခင်ခင်စိန်၊ ဦးမောင်မောင်လေး၊ ဒေါ်ခင်ထွေးထွေး၊ ဒေါ်ခင်ခင်သော်၊ ဒေါ်ခင်မြင့်မြင့်သန်းတို့က ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့စာ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

❁ စာမျက်နှာ ၉ မှ

သင်တန်းသား အမှတ် (စီ–၁၃) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကထိကဦးထွန်းသိန်းအား လည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုကို သင်တန်းသူအမှတ် (အေ–၁၂၉) ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒဂုံတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး) ဒေါ်ပုလဲနှင့် သင်တန်းသူအမှတ် (ဘီ–၇၇) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမကောလိပ် (ဖောင်ကြီး)မှ ကထိက ဒေါ်တင်သန်းအားလည်းကောင်း၊ စံပြအဆောင်ဆုကို သင်တန်းသူတပ်ခွဲ အမျိုးသမီးတပ်ခွဲ(၂) အဆောင်(၆) အားလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ရက်၆၀ တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

မောင်းထောင်မြေဇင်း ဆရာတော်ကန္တီဆရာတော်တို့၏ဥပနိဿယနှင့်အညီ ရဟန်းယောဂီများ ဝါတွင်းသုံးလနှင့် လူယောဂီများ ရက် ၆၀တရားစခန်းကို မှော်ဘီမြို့ စန္ဒကူးမြိုင်တရားစခန်းတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖုန်း–၅၁၁၃၁၁သို့ ဆက်သွယ် ဝင်ရောက်နိုင်ကြောင်းနှင့် တရားစခန်းတွင် လယ်တီဆရာတော်၊ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော်တို့၏နည်းများဖြင့်လည်း ပြသပေးလျက်ရှိကြောင်း သိရသည်။ (က–ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာတင်ဒါရောင်းချပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၃၀

သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့သစ်လုပ်ငန်းရုံးချုပ် တင်ဒါခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ကြည့်ရှုအားပေးသည်။ရှေးဦးစွာ ဝန်ကြီးက တင်ဒါဆွဲမည့် နိုင်ငံခြားသားနှင့်ပြည်တွင်းလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါတင်ဒါရောင်းချပွဲတွင် အဆင့်မြင့် ကျွန်းသစ် သစ်ပါးလွှာအတန်းအစား ကျွန်းသစ်လုံးများနှင့် အဆင့်မြင့်သစ်ခွဲစက်အတန်းအစား သစ်လုံးလပ်ပုံများကို တင်ဒါကြီးစနစ်ဖြင့်လည်းကောင်း၊ အတန်းအစားနိမ့် သစ်လုံးများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပြီး သစ်ခွဲသားများကိုလည်း လေလံတင်ရောင်းချပေးသည်။

တင်ဒါရောင်းချပွဲသို့ ပြည်တွင်း ပြည်ပကုမ္ပဏီ၄၅ခုမှ နိုင်ငံခြားသား ၃၇ဦးနှင့် ပြည်တွင်းလုပ်ငန်းရှင်၈ဦး တက်ရောက်ပြီး မြန်မာ့သစ်လုပ်ငန်း တင်ဒါများကို လစဉ်လ၏ နောက်ဆုံးပတ် တနင်္လာနေ့တိုင်းကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၆ မှ

ပြည်သူများ၊ တာမွေမြို့နယ်နေ ဒေါ်စုစုလှိုင် မိသားစု၊ မရမ်းကုန်းမြို့နယ်နေ ဦးမောင်ထွန်း မိသားစု၊ ဗိုလ်တထောင်မြို့နယ်နေ ဦးသန်းခင်–ဒေါ်တင်လှမိသားစု၊ ဦးမင်းဆွေ–ဒေါ်မင်းသွင်နု၊ သားရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူမိသားစု၊ သီရိသုခမ္မသီဂိ ဒေါ်ခင်ကြည် (ဆန်းကိုကို ဘီစကစ်လုပ်ငန်း)၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ် မိသားစု)၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂိ ဒေါ်စန်းဝင်း မိသားစုနှင့် BTB ကုမ္ပဏီ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်တို့က ငွေကျပ်နှစ်သိန်းစီ၊ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ပြည်သူများက ငွေကျပ် ၁၅၀၀၀၀၊ ဦးကျော်စိုးမင်း–ဒေါ်ယွန်း ငယ်ငယ် မိသားစုက ငွေကျပ် ၁၂၅၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ၁၁၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ပဓာန နာယက ဒွိပိဋကဓရ၊ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်တိုက်တို့သို့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၈၁၆ အိတ်သုံးပြည်၊ ဆီပိဿာ ၁၇၃၀၊ အိုင်အိုဒင်းဆား ၅၆၀၁ပိဿာ၊ သွားတိုက်ဆားဘူး ၁၁၂၀၊ တိုင်းရင်းဆေးမျိုးစုံဘူး ၁၀၃၀၊ ပဲ၁၁၃၄ပိဿာနှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၂၇၀၅၄၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

ရှေဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၃၀

ရှေဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ရန်ကုန်မြို့ရှိ ရှေဦးမြို့နယ်မှ ဆရာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာတိုက် သစ်ဓမ္မာရုံကြီးတွင်ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် ရန်ကုန်ရောက် ရှေဦးမြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြည်ညိုကြပါရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း) ဖုန်း –၅၃၅၀၁၄၊ ဦးသန်းနွဲ့ –ဖုန်း ၆၆၁၇၂၆၊ ဦးစက်ဝင်း(ရွှေဂုံတိုင်) ဖုန်း–၅၄၃၁၈၃၊ ဦးဘအုပ် ဖုန်း–၇၀၃၃၄၁၊ ဦးကံကြီးမောင် ဖုန်း–၂၉၇၉၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၃)ရပ်ကွက် မေယုလမ်း ဓမ္မဗိမာန်ကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တ သုမနအမှူးပြု၍ ပထမကြီးတန်းအောင် အရှင်ဇနိတ၊ ရှင်ဇဝန၊ ပထမငယ်တန်းအောင် အရှင်ပညာဇောတ အရှင်မြတ်တို့အား ယုဇနဥယျာဉ်မြို့တော် ဈေးဂိတ်အနေးယာဉ်လုပ်သားများက စာအောင်ဆုနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁–၇–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တရားကျင့်ဖော်နှင့် ဆုံတွေ့ပါရစေတရားတော် (အပိုင်း–၂)(အရှင်အဂ်ီသ) ပါဠိကာရီဆရာတော်
၇း၅၅	ဖွံ့ဖြိုးဝေဆာလပွတ္တာ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	Sunday Talk
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	စိုပြည်စိမ်းလန်းတောင်ကုန်းထက်မှ ခရီးသွားစခန်း
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	Yangon Panorama “4th Nikko Tour Guide Day”
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	အသည်းကင်ဆာ သိကောင်းစရာ(အပိုင်း–၃) (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	Teens Star (မိုးအောင်ရင်နှင့်တွေ့ဆုံခြင်း)
၁၂း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅	ပြည်တွင်းမှာပင်ထုတ်လုပ်သည် နိုင်ငံတကာစံချိန်မီ
၁၂း၃၅	Music Gallery (အမုန်းမရှိတဲ့ကမ္ဘာ)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်းရောဂါ ရှာဖွေကုသမှုပေးခြင်းတို့ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်လျက် အသင်းပိုင်ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်ခင်သန်းနွယ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့်အတူ မှော်ဘီမြို့နယ် သဲဖြူစုံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲသို့ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

ယင်းနောက် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသား၊ အမျိုးသမီးများအား ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောကြရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အသိပညာပေးရခြင်းအကြောင်းအရင်းနှင့်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကိုလည်းကောင်း၊ လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါကင်ဆာ အကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်က ဝမ်းပျက်/ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ငွေကျပ်တစ်ဆယ့်လေးသိန်း တန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများကို လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုဝေက လက်ခံသည်။

ထို့နောက် အသင်းခွဲကိုအခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင်အမျိုးသမီး၇၅ဦးအား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ PMCT စီမံချက်အရ မိခင်မှသန္ဓေသားသို့ HIV ရောဂါပိုးကူးစက်မှု တားဆီးကာကွယ်ပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင် ၆၂ ဦးတို့အား သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၂၈ ဦးအား သားအိမ်ခေါင်းကင်ဆာကြိုတင်သိရှိ ကာကွယ်ကုသနိုင်ရေး အတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးအားလုံးအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများကို သက်ဆိုင်ရာဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၄၅ဦးတို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ကွန်ဒုံး ၇၂၀ ပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး မှော်ဘီမြို့နယ် သဲဖြူစုံပြကျေးရွာအတွက် သားဖွားခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

ဓမ္မစေတီထေရဝါဒ သာသနာပြု ကျောင်းတိုက်၏ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တကောသလ္လ M.A (Buddhism)နှင့် ဆရာတော် ဦးဩဘာသတို့ ဇူလိုင် ၂၈ရက်က ဩစတြေးလျနိုင်ငံသို့ ဝါတွင်းသုံးလ သာသနာပြုရန်အတွက် လေကြောင်းခရီးဖြင့် ကြွရောက်တော်မူရာ ပို့ဆောင်ကြသည့် ဒါယကာ၊ ဒါယိကာမများနှင့်အတူ တွေ့ရစဉ်။ (က-ပ)

ဆက်ကပ်လှူဒါန်း

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၅ရပ်ကွက် မဟာသရဏဂုံဓမ္မဗိမာန် တနင်္ဂနွေပတ် ဆွမ်းလောင်းအဖွဲ့၏ (၂၇)ကြိမ်မြောက် ဆွမ်းလောင်းဖွင့်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဒုတိယဝါဆိုလပြည့်နေ့က စိန်ပန်းမြိုင်လမ်း မဟာသရဏဂုံဓမ္မဗိမာန်ကြီး၌ပြုလုပ်ရာ စစ်ကိုင်း စာသင်တိုက် ဦးစီးနာယကဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ(အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသော ဆရာတော် သံဃာတော်များအား အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဖေ(ငြိမ်း)၊ အတွင်းရေးမှူး ဦးငွေးမြင့်နှင့် အကျိုးဆောင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာကြားစဉ်။ (က-ပ)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်က သစ်တောရေးရာကို အနိုင်ရ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ယနေ့ယှဉ်ပြိုင်ကစားမည်

နေပြည်တော် ဇူလိုင် ၃၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲများကို ယနေ့ ညနေ ၄နာရီက နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း၌ကျင်းပရာ (ခ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းက သစ်တောရေးရာဝန်ကြီးဌာန ဘောလုံးအသင်းကို ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရှစ်ဂိုး

(ရဲထွန်းကျော် သုံးဂိုး၊ ကျော်ဝေလှိုင် နှစ်ဂိုး၊ သိန်းထိုက်လွင် နှစ်ဂိုး၊ ကိုကိုလတ် တစ်ဂိုး)

သစ်တောရေးရာဝန်ကြီးဌာန သုံးဂိုး

(လင်းထက်ကျော် နှစ်ဂိုး၊ အောင်အောင် တစ်ဂိုး)

ဒိုင်လူကြီး ဦးကိုကိုနိုင်(အဖွဲ့ချုပ်)

အဆိုပါပြိုင်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဇူလိုင် ၃၁ရက် ညနေ ၄နာရီတွင် ပေါင်းလောင်းအားကစားကွင်း၌ (ဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)



ဇူလိုင် ၂၉ ရက် (ဝါဆိုလပြည့်နေ့)က တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၄၈ လမ်းထိပ်ရှိ အောင်ဓမ္မာရုံ၌ကျင်းပရာ ဓမ္မာလင်္ကာရကျောင်းတိုက်မှ အရှင်ပညာဝံသထံ ဓမ္မာရုံဥက္ကဋ္ဌ ဦးဝင်းမောင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်စဉ်။ (က-ပ)

အာဆီယံရဲတပ်ဖွဲ့ဝင်များ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း ထွက်ခွာ

ရန်ကုန် ဇူလိုင် ၃၀

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှစ်(၄၀)ပြည့် အထိမ်းအမှတ်နှင့် ဗီယက်နမ်နိုင်ငံ ရဲတပ်ဖွဲ့(၄၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် နန်နင်းမြို့တို့၌ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၅ ရက်အထိကျင်းပမည့် အာဆီယံရဲတပ်ဖွဲ့ဝင်များ ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးခင်ထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ ဘဏ္ဍာ) ခေါင်းဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဘောလုံးအသင်းသည် ယနေ့နံနက် ၁၀ နာရီက လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးသိန်းတင်(ညွှန်ကြားရေးမှူး၊ ထောက်)နှင့် ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးသန်းရွှေ [ဦးစီး(ပ)ရေး/ထောက်]တို့က လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

(ကြေးမုံ)

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၃၀

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅) နှင့် (၆)အကြားမှာလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄) နှင့် (၅)အကြားမှာလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ မြစ်ရေများချိန် ရေစီးနှုန်းတိုးလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၇ခုနှစ် ဩဂုတ် ၁ရက်မှစ၍ အစုန်လမ်းအဖြစ်ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားမှာလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂) နှင့် (၃)အကြားမှာလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင်အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဧရာဝတီ၊ ချင်းတွင်းနှင့် ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၃၀

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန်တိုင်းထွာချက်အရ ညောင်ဦးမြို့တွင် ၂၁၄၇စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ထက် ၂၇စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၂၁၂၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန်တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၃၀၂၈စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ထက် ၁၂၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၂၉၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန်တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၉၀၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်ထက် ၃၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အင်တာနက်အားကစားသတင်းများ

ရီးယဲလ်မဒရစ်သို့ ကာကာကိုခေါ်ယူနိုင်ရေး စံချိန်တင်အသင်းပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းမည်

မဒရစ် ဇူလိုင် ၃၀

ရီးယဲလ်မဒရစ်အသင်းသည် ဘရာဇီးဘောလုံးသမား ကာကာအား အသင်းပြောင်းရွှေ့ကြေး ယူရို သန်း ၉၀(အမေရိကန် ဒေါ်လာ ၁၂၃သန်း)ပေး၍ အီတလီနိုင်ငံ အေစီမီလန်အသင်းမှခေါ်ယူရန် ကမ်းလှမ်းမည်ဟု သိရှိရကြောင်း စပိန်နိုင်ငံတွင် ထုတ်ဝေသည့် မာကာသတင်းစာက ယနေ့ ရေးသားဖော်ပြသည်။

အကယ်၍ ရီးယဲလ်မဒရစ်အသင်းသည် ကာကာအားခေါ်ယူနိုင်မည်ဆိုပါက ဖော်ပြပါအသင်းပြောင်းရွှေ့ကြေးသည် ကမ္ဘာ့ဘောလုံးသမိုင်းတွင် စံချိန်တင် ငွေကြေးပမာဏဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

ရီးယဲလ်မဒရစ်အသင်းနှင့် အေစီမီလန်အသင်းတို့မှ တာဝန်ရှိသူများသည် ဩဂုတ် ၁ရက် သို့မဟုတ် ၂ရက်တွင် အီတလီနိုင်ငံမီလန်မြို့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းစာတွင် ဆက်လက်ရေးသားထားသည်။

အင်တာနက်

စပိန်တိုက်စစ်မှူး ရေးယက်စ် အတ္တလက်တီကိုတွင် ကစားမည်

မဒရစ် ဇူလိုင် ၃၀

စပိန်ဘောလုံးသမား ဟိုဆေးအန်တိုနီယိုရေးယက်စ်သည် လေးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်အရ အတ္တလက်တီကို မဒရစ်အသင်းတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း စပိန်မီဒီယာများက ယနေ့ရေးသားဖော်ပြသည်။

ရေးယက်စ်သည် အငှားစာချုပ်အရ လွန်ခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

တိုက်စစ်မှူး ရေးယက်စ်အားခေါ်ယူရန် အတ္တလတ်တီကိုအသင်းက ယူရို၁၂သန်းပေးမည် ဖြစ်ကြောင်းသတင်းများအရသိရသည်။ ***အင်တာနက်***

ချန်ပီယံဆုဖလားရရှိရေး လီဗာပူးမန်နေဂျာကြိုးပမ်း

လီဗာပူး ဇူလိုင် ၃၀

ရာဖေးလ်ဘင်နီတက်ဇ်သည် လီဗာပူးအသင်းတွင် ၎င်း၏စတုတ္ထမြောက် ဘောလုံးရာသီကို စတင်တော့မည်ဖြစ်ကြောင်း၊ မန်နေဂျာ ဘင်နီတက်ဇ်သည် အင်္ဂလန် ပရီမီယာလိဂ်ချန်ပီယံဆုဖလားရရှိရေးအတွက် အပြင်းအထန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂရိနိုင်ငံ အေသင်မြို့တွင် မေလကကျင်းပသည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ အေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့ချိန်နောက်ပိုင်း လီဗာပူးအသင်း အင်အားပြန်လည်တောင့်တင်းလာစေရန် အသင်းပိုင်ရှင် အမေရိကန်ကုဋေကြွယ်သူဌေးများက ဘင်နီတက်ဇ်အား ငွေကြေးများစွာ သုံးစွဲစေခဲ့သည်။

ဘင်နီတက်ဇ်သည် နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလအတွင်း ပေါင်ငွေသန်း ၄၀ အထိ သုံးစွဲ၍ ဘောလုံးသမားကောင်းများကို ဝယ်ယူခဲ့သည်။ ယခုအခါတွင်မူ လီဗာပူးအသင်း ဆုဖလားရရှိသည့်အသင်းအဖြစ်သို့ ရပ်တည်လာနိုင်ရေးအတွက် အသင်းပိုင်ရှင်များက ဘင်နီတက်ဇ်အား ဖိအားပေးလျက်ရှိသည်။ ***အင်တာနက်***

ခနှတိုင်းရင်းသား သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့တွင် ဝါဆိုဝါကပ်တော်မူကြသော ခနှတိုင်းရင်းသား သံဃာအပါး ၁၅၀ကျော်တို့အား ဩဂုတ် ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ် မြို့မရပ် ကြားတောရလမ်းနှင့် ရေတာရှည် လမ်းပေါင်းထောင့်ရှိ ခနှတိုင်းရင်းသားခမ္မာရုံတွင် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပြီး နေ့ဆွမ်း ဆက်ကပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် မိသားစုဝင်များ ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားထားသည်။ သင်္ကန်းတစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်း (သို့မဟုတ်) မိမိတို့လှူဒါန်းလိုသော လှူဖွယ်ဝတ္ထုများကို ဖုန်း–၃၈၃၇၃၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

TOTAL Kids School
Admissions Open!

✔ မူကြို (တနလ်ာ–သောကြာ) (၂ – ၆ နှစ်အတွင်း)
✔ တနင်္လာ–သောကြာ (ညနေပိုင်းတန်းခွဲ)(၂ – ၁၄ နှစ်အတွင်း)
✔ စနေ–တနင်္ဂနွေ တန်းခွဲ (၂ – ၁၄ နှစ်အတွင်း)

We at Total, prepare your child today to be tomorrow's Digital Native Generation.

ပုဇွန်တောင်	စမ်းချောင်း	ပုလဲကွန်ဒို	ကမာရွတ်
☎ 296552, 293754	☎ 526456	F7 ☎ 545957, 557448(849)	☎ 524599, 501976

မွေးနေ့ဆုတောင်း

မြတ်နိုးတွယ်တာရပါသော ချစ်ဇနီးလေး **"မိုး"** **(အေးသီတာထွန်း)**၏ ပုလဲရတုမွေးနေ့ အခါသမယမှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင် ကိုကိုနှင့် မိသားစုလေးကို တစ်သက်တာမခွဲခွာဘဲ အေးချမ်းပြည့်စုံသော ဘဝလေးကို လုပစ္စာ ထုဆစ်နိုင်ပါစေလို့...

ချစ်ခင်ပွန်း–အောင်တင်ထွန်း

Myanmar Voice

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊ ၂ ရက်၊ ကြာသပတေး၊ အတွဲ(၁)၊ အမှတ် (၄)

ဒွေးရဲ့ဇနီးနဲ့ ဒေါ်အေးခိုင်ဇာလတ်တို့ ပူးပေါင်းဖွင့်လှစ်ထားတဲ့ မလေးရှားလန်ကာစီတက္ကသိုလ် အသိအမှတ်ပြုဖက်ရှင်ဒီဇိုင်းသင်တန်း၊ ■ HIV ပိုးရှိမရှိ ကျပ် ၅၀၀ ထဲနဲ့ စစ်ပေးနိုင်တဲ့နေရာ၊ ■ MP3၊ MP4 စစ်မစစ် ဘယ်လိုခွဲခြားမလဲ၊ ■ R+ စီးပြီး ဘာကြောင့် သိန်းတစ်ရာရှုံးရတာလဲ၊ ■ ကမ္ဘာကျော်လက်ဝှေ့မယ် လိုင်လာအလီ အပျိုကြီးဘဝစွန့်ပြီ ■ အိန္ဒိယမှာ HIV ပိုး ပြန့်ပွားစေတဲ့ တရားခံ၊ ■ အာရှတိုက်မှာ ဘယ်ကုမ္ပဏီတွေ အကြီးဆုံးလဲ၊ ■ တရုတ်ကုတ္တိယတွေ ရင်အခုန်ဆုံးမှုရှိသဆယ်ယောက်၊ ■ ပညာအများကြီးသင်ချင်လို့ ရုပ်ရှင်ရိုက်ခဲ့တာလို့ဆိုတဲ့ ဆွေဇင်ထိုက်၊ ■ 'စပိုင်ချစ်သူ' ကိုရီးယားဇာတ်လမ်းတွဲထဲက မင်းသားပါဝင်တဲ့ ဇာတ်ကားသစ် သမိုင်းဆရာတွေပြောသလို ကလီယိုပါထရာ အလှဘုရင်မ ဟုတ်ရဲ့လား၊ ရောမ မီးဟုန်းဟုန်းတောက်နေတုန်းက နီရိုဘုရင် တယောထိုးနေခဲ့သလား၊ ■ နီညိုရောင် စီးကရက်ဘူးတွေရဲ့ နောက်ကွယ်က ဝမ်းစာရှာကလေးငယ်တွေရဲ့ ဘဝကောက်ကြောင်း ■ ဒီတစ်ပတ် ကံကြမ္မာကောင်းဝင်အောင် လွယ်လွယ်လုပ်လို့ရတဲ့ ယတြာတွေ၊ ■ သွေးချိုမဖြစ်ရေး အလွယ်ဆုံးနည်းလမ်း ၂၀ ■ "ရယ်စရာရှိရင် မပွဲ့ဘူး" ဆိုတဲ့ ကမ္ဘာကျော်ဟာသ သရုပ်ဆောင် ဂျင်မ်ကာရေး၊ ■ မျက်မမြင်တွေအတွက် အိတ်ဆောင်ကွန်ပျူတာအပါအဝင် လတ်တလော အရောင်းသွက်နေတဲ့ အီလက်ထရွန်နစ်အိုင်တီအသုံးအဆောင်ရှစ်မျိုး၊ ■ အကြီးဆုံးသားသမီး ဉာဏ်ရည်ပိုမြင့်သလား၊ ■ ယားခြင်းမယားခြင်းက မျိုးရိုးဗီဇနဲ့ဘာဆိုင်သလဲ၊ ■ ဆေးပညာရှင်တွေကတော့ အတင်းပြောတာကောင်းသတဲ့၊

ထွက်ပြီ

သချၤာကျော်ရှိန် ၏ သချၤာ၊ အင်္ဂလိပ်စာ၊ ဇီဝ
ပညာကျော် နှင့် မဟာကျော် နည်းပြ
ရာထူးဝင်ခွင့် (J.O,L.O) တစ်လ အပြတ်
ဘာသာစုံတန်းခွဲသစ်နှင့် **U.D.E** သင်တန်း
3-8-2007စမည်။ 0999-29623 နှင့် ☎251548
အမှတ် ၁၇၀ နှင့် ၁၈၈၊ ပထပ် ဆိပ်ကမ်းသာလမ်း(လယ်)
အမှတ် ၃၂ အင်းစိန်လမ်း။လှည်းတန်းကမာရွတ်၊ရန်ကုန်။

Job Vacancy
(For Local Service Only)
We are an Engineering firm providing equipment, services and solutions to the customers.We are seeking energetic, highly motivated and hard working candidates for the following posts.
1) Sales Engineer — 3 Posts (M/F)
BE/B.Tech/AGTI (EC, Mechatronics, Mechanical)
2) Sales Engineer — 1 Post (M/F)
BE/B.Tech/AGTI (EP)
3) Sales Assistant — 3 Posts (M/F)
B.sc (Physics/Math)
AGTI (EP, EC, Mechatronics, Mechanical)
Interested candidates should send CV with two recent photo, copy of labour registration card, national registration card and relevant documents to SMART Technical Services Co., Ltd, 5th floor, City Bank Building, Banyardala Road, Mingalar Taung Nyunt Township, Yangon.
Closing date : 2 Weeks from the date of this advertisement.
Phone : 0950 00522

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀–၇–၂၀၀၇

မိုးကုတ်	၂ ဒသမ ၁၆ လက်မ
ကော့သောင်း	၁ ဒသမ ၁၄ လက်မ
ခန္တီး	၁ ဒသမ ၁၁ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၁ ဒသမ ၀၂ လက်မ
မြစ်ကြီးနား	၀ ဒသမ ၈၃ လက်မ

မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ (၂၀၀၆–၂၀၀၇) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား/သူများအားလုံး ပညာရည်ချွန်ဆုပေးပွဲသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(ကျောင်းဝတ်စုံဖြင့်တက်ရောက်ရမည်။)

ကျင်းပမည့်နေ့ရက်	–	(၄–၈–၂၀၀၇)(စနေနေ့)
ကျင်းပမည့်အချိန်	–	(၉:၀၀)နာရီ
ကျင်းပမည့်နေရာ	–	တေဇခန်းမ

အမှုဆောင်အဖွဲ့
မိဘဆရာအသင်း
အ–ထ–က (၂) ကမာရွတ်

မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် စေတီတော်အား ရွှေသင်္ကန်းကပ်လှူရန်အတွက် ဇူလိုင် ၂၆ရက်က မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အမှတ်(၄) မိန်းကလေးကျောင်းလမ်း (ရေကူးကန်ဝင်း)နေ ဒေါက်တာကြည်စိုး၊ ဒေါက်တာခင်ငြိမ်းအေး၊ သား ကိုပြည့်စုံဝင်း–မစန္ဒာဝင်း၊ မြေးကြယ်စင်ပြည့်စုံမိသားစုက ငွေကျပ် သိန်းသုံးဆယ် ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်၊ အတွင်းရေးမှူး ဦးမျိုးခိုင်တို့ လက်ခံယူစဉ်။

(က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၁၂/၂၀၀၇
၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်
(၂၀၀၇ခုနှစ် ဇူလိုင်လ ၂၇ ရက်)

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းအဖွဲ့အစည်းများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်–

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	ဦးစီးအရာရှိ	၂ နေရာ	မဟာသိပ္ပံဘွဲ့(M.Sc)(သို့မဟုတ်) မဟာဝိဇ္ဇာဘွဲ့ (M.A) (သို့မဟုတ်)အသုံးချသိပ္ပံမဟာဘွဲ့(M.S)
(ခ)	ဦးစီးအရာရှိ(မြို့ပြ)	၁၂ နေရာ	မြို့ပြအင်ဂျင်နီယာဘွဲ့ [B.E (Civil)]
(ဂ)	ဦးစီးအရာရှိ(စက်မှု)	၅ နေရာ	စက်မှုအင်ဂျင်နီယာဘွဲ့ [B.E(Mechanical)]
(ဃ)	ဦးစီးအရာရှိ/လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)	၃ နေရာ	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ [B.E (Electrical Power)]
(င)	ဦးစီးအရာရှိ (ငွေစာရင်း)	၄ နေရာ	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ (B.Com, C.P.A) (သို့မဟုတ်)စာရင်းကိုင်ပညာဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ (B.Act, C.P.A)

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၂–၈–၂၀၀၇ နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) အပိုဒ် ၁။ (က)၊(ခ)၊(ဂ)နှင့်(ဃ)ပါ ရာထူးများအတွက်လုပ်ငန်းသဘာဝအရအမျိုးသားဖြစ်ရမည်။

၃။ **လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ရုံးအမှတ်(၁၇)နေပြည်တော်သို့ ၂၂–၈–၂၀၀၇နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်ချောပို့(သို့မဟုတ်) မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀၀/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက်လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၆–၁–၂၀၀၇ရက်စွဲပါစာအမှတ် ၁၅၅/ရွေးချယ်ရေး (အဓိက)/၂၀၀၇ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန်လမ်းညွှန်ချက်(ပြင်ဆင်ချက်)စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို **နေပြည်တော်**တွင် ကျင်းပမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာန အကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်သို့ ၂၂–၈–၂၀၀၇နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံးနေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၉–၉–၂၀၀၇နေ့နှင့် ၁၁–၉–၂၀၀၇နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၆–၉–၂၀၀၇နေ့မှစ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးများတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ **အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏သီးခြားစည်းကမ်းချက်များရှိပါသဖြင့်** "အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရုံးအမှတ်(၃၈) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇–၄၁၁၄၁၁)"သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇–၄၀၉၀၅၂နှင့် ၀၆၇–၄၀၉၄၃၀)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website များဖြစ်သော Csstb. imis. Com.mm နှင့် www. csstb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

ဆရာကြီးအရှယ်ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပတနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း) ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း)ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊အချစ်ရေး၊ထူးချွန်ထက်မြက်မည့်ကလေးနာမည်ပေးခြင်း၊ဆိုင်၊ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးချွန်အောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊သဘော်သားများလိုင်းကောင်း၊ လစာကောင်းပြီးအမြန်ထွက်ခွာရန်၊အမှုအခင်းများ၊အိမ်၊ခြံ၊မြေ၊ကားရောင်း၊သားသမီးများ လိမ္မာယဉ်ကျေးပြီး၊မိဘစိတ်တိုင်းကျဖြစ်စေရန်ကူညီခြင်း၊အိမ်ထောင်ရေးကိစ္စအထူးဆောင်ရွက်သည်။ (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထို့နှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

(၃၂၀/၃၂၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ စန္ဒဆေးခန်း၊ ရန်ကုန်။ ၃၈၅၂၂၄၊၀၉–၅၁၁၂၁၄၆၊ နံနက်(၈:၀၀)နာရီမှ၊ ညနေ(၃:၀၀)နာရီ၊ တနင်္ဂနွေနေ့–နံနက်(၇:၀၀)နာရီမှ (၁၂:၀၀) ၀၉–၈၉–၂၅၃၄၆ (၁၇)၊ အောင်စီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ ညနေ(၄)နာရီနောက်ပိုင်း။ ၀၅၆–၂၁၆၀၉

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

unicef

(၁–၈–၂၀၀၇ မှ ၇–၈–၂၀၀၇ ထိ)

World Breastfeeding Week

(1-8-2007 to 7-8-2007)

Breastfeeding: The 1st Hour-Save ONE million babies!

"ရင်သွေးငယ်များ ရှင်သန်ရေး မွေးပြီးမနေး မိခင်နို့တိုက်ပေး"

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတကာအသိအမှတ်ပြုကွန်ပျူတာဒီပလိုမာရယူလိုသူများအတွက်အခွင့်ကောင်း **International Diploma in Computer Studies (IDCS)**

Since 1986 **KMD** Computer Centre

:: တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများအတွက် အခြေခံမှစ၍သင်ကြားပေးမည့်သင်တန်း
:: နိုင်ငံတကာကျောင်းများ သို့ဆက်တက်ရန်အခြေခံ ကောင်းများရရှိနိုင်မည့်သင်တန်း
:: သင့်အတွက် **ICT** နည်းပညာနှင့်ပတ်သက်၍ အကောင်းဆုံးရွေးချယ်မှု

Commencing Date
6 August, 2007 (Mon to Fri)
8:00 to 12:15

၅၅၀-၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း - ၂၄၉၁၅၅၊ ၃၈၁၀၃၅၊ ၃၈၁၁၂၉

ကားစီးလုံးငှါးသည်
မြို့တွင်း/ ပြင်ပ၊ ခရီးလမ်းကြောင်းများ အတွက် ကားရရှိနိုင်သည်
CRANE
708569,538535

"☆" ကြယ်ဝင်းတာခရာ ဘုရားဖူးပို့ဆောင်ရေး
တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင် သီးသန့် (၃/၄) ရက်
တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၆) ရက်
တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၈) ရက်
တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၇) ရက်
(၂၁-၈-၀၇) ထွက်မည်။ ချောင်းသာ၊ ငွေဆောင် အပတ်စဉ် အင်္ဂါ၊ သောကြာ
အပတ်စဉ် တနင်္ဂနွေ (ဇလွန်)။ ကြိုတင်လက်မှတ်ရောင်းပြီး ကားစင်းလုံးငှားသည်။
ဖုန်း - ၅၀၂၂၃၄

Golden Star အဆင့်မြင့်ခရီးသွားလုပ်ငန်း
* မန္တလေး-တောင်ပြုံး-ပြင်ဦးလွင်-စစ်ကိုင်း Aug-22
* ပုဂံ-ညောင်ဦး-ပုပ္ပါး-အဘထွက်ပွဲ Sep-27
* ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (သောကြာနေ့တိုင်း)
အမှတ် -၂၄၊ ၁၅၃-လမ်း၊ တာမွေ Ph: 544383, 09-5133640

အောင်မြင်မှုရာနှုန်းမြင့်မားသော
ကုံကော်ရိပ် အဝေးသင်
၇။ ၈။ ၀၇ ရက်နေ့စမည်
တနင်္လာနေ့မှ သောကြာနေ့ထိ
နံနက် ၇း၃၀မှ နေ့လည် ၂း၃၀ထိ
နယ်ကျောင်းသား နေရေးစီစဉ်ပေးသည်
နေ့စဉ်တက် အနီးကပ် ရက်ပြတ်သင်တန်း

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊
မိုးကောင်းလမ်း၊ အမှတ်(၆)နေ
ဦးအောင်ခိုင်-ဒေါ်သက်ဝေတို့၏ သားကြီး
မောင်သူရိန်အောင် (Uniteam Marine)
နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊
တိုက်(A-4)၊ အခန်း(၅၀၄)နေ
ဦးကျော်ကျော်မိုး-ဒေါ်မိုမိုချစ်တို့၏ တစ်ဦးတည်းသော
သမီး
မစုစန္ဒီကျော်မိုး B.Sc(Physics)
တို့သည် နှစ်ဖက်သောမိဘများ သဘောတူခွင့်ပြုချက်အရ ၂၅-၇-၂၀၀၇ရက်တွင် ရန်ကုန်တိုင်း တရားရုံး၌ လက်မှတ်ရေးထိုး ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရိန်အောင်-မစုစန္ဒီကျော်မိုး

ဒီနှစ်ဝင်းနှင့်ရောင်းရင်းများမှ ရွှေတောင်ပြုံးရိုးရာသို့ပွဲသို့
ရွှေတောင်ပြုံး၊ မန္တလေးသီးသန့် (၃)ရက် (21.8.07) ဇလွန် ဥပုသ်နေ့နှင့် အနီးရုံးပိတ်ရက်များ
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင် (၅)ရက်
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ (၆)ရက်
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-လားရှိုး-မူဆယ်-ရွှေလီ(၉)ရက်
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-ပုဂံ-ညောင်ဦး-တောင်ကြီး-အင်းလေး(၁၁)ရက်
အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း 249871, 09-51 37245, 09-99 72025

သုဒ္ဓိသက်၆၀
13
အိပ်မက်ခေါ်သံ
ထွက်ပြီ
စိန်သရဖူစာပေမှဖြန့်ချိသည်။

MYANMAR NEWSWEEK
❖ အသီ-သတိကြေးသွန်းရုပ်ပွားတော်မြတ်ကြီးကို ဦးကိတ္တိသာရ(၁) ဦးကျော်ဟိန်း ရေစက်ချ လှူဒါန်းပွဲပြုလုပ်ပြီးစီး ❖ ဟော့ကောင်သားကြီး မင်းကိုသတ်လိုက်တဲ့ ရန်သူငါသိပြီဟု ကျော်ဟိန်းဆို ❖ အကြွေ စေတယ် ဘာတယ်လုပ်မနေနဲ့ တစ်ကယ်ချစ်ရင် အစားထိုးမရတဲ့သူကို အစကတည်းက ထိန်းသိမ်းကြဆိုတဲ့ ကျော်ဟိန်းရဲ့ အသိ ❖ ဦးကျော်ငယ်ငယ်က ဆိုးခဲ့တယ်၊ ဒါပေမယ့် နပ်တယ် ❖ မည်သည့်မှော် လင့်ချက်မှ မပါဘူးဆိုတဲ့ ဦးကျော်ဟိန်း ❖ မသိလို့ လုပ်တာအပြစ်မရှိဘူး၊ သိပြီးရင်တော့ မလုပ်နဲ့ဆိုတဲ့ ကျော်ဟိန်းရဲ့ ဒဿန ❖ ဦးကျော်ဟိန်း ဝေဒနာတွေ တစ်ပြည်လုံးဖြန့်တော့မည် ❖ ကုသိုလ်နဲ့ အကုသိုလ်ကို စိတ်မဝင်စားဘူးဆိုတဲ့ ဦးကျော်ဟိန်း ❖ နှစ်(၄၀)ကြာ ပရိသတ်ဆီက ယူထားတဲ့ပိုက်ဆံတွေကို ပြန်ဆပ်တော့မယ့် ဦးကျော်ဟိန်း ❖ ကျော်ဟိန်းအလုပ်သစ်တစ်ခုကို လျှောက်ပြီ ❖ ယုဇနဥယျာဉ် မြို့တော်တွင် မီတာအလုံးရေ (၃၀၀)ကို တပ်ဆင်ပေးလျက်ရှိ ❖ ထိုင်းနယ်ခြားစခန်းများ၌ စီစီတီဗီအလုံးရေ (၁၀၀၀)ကို တပ်ဆင်မည် ❖ စားအုန်းဆီ ဈေးကျဆင်းဖွယ်ရှိ ❖ မြင်းခြံတွင် ဇီဇဝမ်းအင်ပ လျှပ်စစ်ထုတ်သည့်စက်ရုံ လည်ပတ်သွားမည် ❖ အမေရိကန်နှင့် ရုရှားတို့ တစ်ကျော့ပြန်အာကာပြိုင်ပွဲ ❖ သမ္မတဘုရ်အတွက် အီရန်သည် အမေရိကန်၏ ရန်သူနံပါတ်(၁)လား ❖ အီရန်ကို အမေရိကန်အမှန်တကယ်ပုံးကြဲသင့်သလား
ထွက်ပြီ

သင်္ကြန် အကောင်းကြိုက်သူများအတွက်
ဝေါယ်ရှယ်ဝေါဆန်းဈေး၊ တောင်ပုံဈေး၊ ဝဲဆီဈေး
ဈေးတလုံးပေါကျွဲစည့်မထ၊ ဘာဇမာတီရှမ်းဆန်၊ ကောက်ညှင်း
၆ ပြည်၊ ၁၂ပြည်၊ ၂၄ပြည်အိတ်များကို ဖုန်းဖြင့်မှာကြားလျှင် အိမ်အရောက်ပို့ပေးပါသည်။
အမှတ်(၅၂)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း(ရိုးမဘဏ်အနီး)
၆၈၁၂၀၉၊ ၆၈၁၂၇၄၊ ၆၈၁၅၀၄၊ ၀၉-၉၉၂၈၁၆၃

RUBY ကားစီးလုံးငှားသည်
503176, 519100
ခရီးစဉ်မျိုးစုံ၊ ရုံး/အိမ်သုံးနာရီ လချုပ်၊ ကားမျိုးစုံ ငှားသည်၊ ယာဉ်ပိုင်ရှင်နှင့်၊ အိမ်ခြံမြေရောင်း ဝယ်၊ ငှားလိုသူများဆက်သွယ်ပါ။

အမြန်ငှားမည်
လသာမြို့နယ်တွင် မြေညီထပ် Ph, ADSL(အင်တာနက်လိုင်း)ပါ
Ph:212498, 706998

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း
(L.L.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
☎ 01- 394727,09-5123509
အမှတ်(၃၆)၊ သမိန် (၉၀)၊ မြေညီထပ်(ကန်တော်ကလေး) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

VACANCIES

(For Local Service Only)

We are seeking for qualified candidates for the posts concerning Oil & Gas business.

1. Geophysicist (1 post)
- Graduate in geophysics or geosciences
- Experience in processing and Interpretation of Seismic data for hydrocarbon

2. Inventory Controller (1 Post)
- Experiences in logistics

3. Process Engineer (1 Post)
- Graduate in Chemical Engineering
- Experiences in sizing relief valves, control valves and equipments

4. Pipeline Engineer (1 Post)
- Graduate in Mechanical, Civil Engineering, Naval Architecture
- Knowledge with Designing onshore & offshore pipeline system,

5. Contract Engineer (1 Post)
- Graduate in Engineering
- Awareness of Commercial Terms

6. Safety (1 post)
- Graduate in Engineering
- Knowledge with HSE procedures

7. Chinese Interpreter (1 post)
- Must be excellent in Chinese & English

All candidates must be university graduate, fluent in English, computer literates and age under 40, experience with oil & gas industry is preferable. CV, a copy of labour registration card, and related documents should be sent to Admin Department, Daewoo International Corporation (Mayanmar E&P), #403, International Business Center (IBC), No.88, Pyay Road, 6½ Miles, Hlaing Tsp, Yangon.
Within two weeks.
Tel: 653239, nanda@daewooenp.com

အမည်မှန်
အထက(၁)အင်းစိန် တက္ကသိုလ်ဝင်တန်း(T)မှ ဦးဇော်မင်းထွန်း၏ သမီး မတင်တင်ဝေ၏ အမည်မှန်မှာ သန်းခေါင်စာရင်းအရ မခင်နန္ဒာထွန်း ဖြစ်ပါသည်။ **မခင်နန္ဒာထွန်း**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးနော်ထွဲ၏ နိုင်ငံကူးလက်မှတ် အမှတ်-ဇ၁၅၂ဇ၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၂၂၃၈၉၀

ကျေးဇူးဆပ်ပါမည်
ဒေါ်ဖြူဖြူဝင်းပိုင်ဆိုင်သော ယာဉ်အမှတ် ပ/၃၂၉၁၈၏ အခွန်ကျေပုံစံ(၁) အစိမ်းရောင်နှင့် လုပ်ငန်းခွန်ပုံစံ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၃၈၇၈၁၉၊ ၀၉၅၁၂၆၃၁၈

ကျေးဇူးဆပ်ပါမည်
မော်တော်ယာဉ်အမှတ် ၈ခ/၅၇၁၁ ၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၅၁၃၇၈၃၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ကျွန်မ၏ သားဖြစ်သူ မောင်ဇော်ထက်အောင် [၁၂/ဥကတ(နိုင်)၁၆၄၂၈၂]သည် မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၇-၇-၂၀၀၇ ရက်နေ့မှစ၍ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
မိခင် ဒေါ်မြမြစိုး
[၁၂/သဃက(နိုင်)၀၁၇၁၄၈]

သင့်သွေးဖြင့် အသက်ကယ်ပါ

စီးပွားပန်းခင်း
U.D.E (အဝေးသင်) ဩဂုတ်လတန်းခွဲသစ်များစပြီ။
ဤကြော်ငြာဖြတ်ပိုင်းဖြင့် လာရောက်အပ်နှံသူများအား
(5%) Discount ပေးမည်။ ☎ 095118647
၂၆၁၊ (ဒု-ယာ)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတား၊ ရန်ကုန်တိုင်း (၂၃)၊ အခန်း (A-5)၊ (8) ရပ်ကွက်၊ လှည်းတန်းလမ်း ကမာရွတ်၊ ရန်ကုန်၊ ph-700194, 256700

ရှောင်လေဝေးဝေး မူးယစ်ဆေး

ဦးအောင်ဟိန်း
၁။ ထသွားထလာအင်္ဂလိပ်စကား-လေ့ကျင့်ပြောသင်တန်း
၂။ နိုင်ငံခြားသွား အမြန် (၁) လ
PRIME English Language Acquisition Centre
၃၈လမ်းပလာဇာ၊ ဒု-ထပ်၊ ဆိပ်ကမ်းသာလမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၀၃၀၂

အောင်မြင်စာပေ
တိုးသန်
ဂန္တဝင်ဆန်းကြယ် လုံးချင်းဝတ္ထုသစ်
နဂါးခံတွင်း အန္တရာယ် လိုက်ဂူ

UD Group Co., LTD.
မန္တလေးစက်မှုဇုန် UD Group မှ ထုတ်လုပ်သော မော်တော်ယာဉ်များ

UD Mandalar Mini Jeep

ကျပ်သိန်း(၉၀)

UD Mandalar Light Truck

ကျပ်(၁၃၅)သိန်း

CAR FACTORY & SALES:
Tel: 02-54564, 54714,53095,09-6971485
GENSET FACTORY & CRANE SERVICE:
Tel: 02-53233, 53234, 54233, 54234
E-mail: udgroup@myanmar.com.mm

SALES & SERVICE (MDY):
Tel: 09-9060314 , 02-54564
SALES & SERVICE (YGN):
No-45, Parami St:, (16) Quarter, Hlaing Township, Yangon.
Tel: (01) 706575, 664335, 664927

စည်းရုံးရေး အခြေခံ သင်တန်းဖွင့်

ပုသိမ် ဇူလိုင် ၂၀

ပုသိမ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စည်းရုံးရေးအခြေခံ သင်တန်း (၁/၂၀၀၇)ဖွင့်ပွဲကို ဇူလိုင် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းသို့ မြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာများမှ စည်းရုံးရေးမှူး ၆၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(ခရိုင်ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့ သန့်ရှင်းသာယာလှပရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် မြို့တွင်းလမ်းဘေး ဝဲ၊ ယာချုံမြက်ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၂၁ ရက်က ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်စည်ပင်အမှုဆောင် အရာရှိ ဦးမောင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေဘုံသာ အထွေထွေရောင်းဝယ်ရေးသမ အစည်းအဝေးကျင်းပ

လားရှိုး ဇွန် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ရွှေဘုံသာ အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း ၏ ၂၀၀၆-၂၀၀၇ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို လားရှိုးမြို့ အမှတ်(၃)ရပ်ကွက် ရွှေဘုံသာမင်္ဂလာခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးမောင်တိုးက ဆောင်ရွက်ပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန (မြောက်ပိုင်း)ရုံးခွဲ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်နှင့် လားရှိုးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အယ်နီကိုင်ဖတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရွှေဘုံသာအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းတွင် အသင်းဝင် အင်အား ၄၀၇ ဦးနှင့် အစုငွေကျပ် ၅၂၂၈၁၀၀ ဖြစ်ပြီး အမြတ်ငွေကျပ် ၇၄၆၀၂၆ ကျပ် ၂၉ ပြားဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၃၃)**

မြို့နယ်ဖွံ့ဖြိုးရေး သတင်းများ

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့အဝင်လမ်းဘေးဝဲ၊ ယာ တစ်လျှောက် ပန်းအလှပင်များ မြေချစိုက်ပျိုးခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမိုးသူရတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ (၃) ဦးညီညီထွန်း ဖိုးရာဇာလမ်းရှိ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်း မြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ ဇူလိုင် ၅ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ဝါဆိုသင်္ကန်းဆက်ကပ်

ဂန့်ဂေါ ဇူလိုင် ၁၅

ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ် ဝန်ထမ်းများ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၅ ရက်က ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃာ့နာယကဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဂန့်ဂေါမြို့ မြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြ၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်းတို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

စာကြည့်တိုက်အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်

ကျောက်ပန်းတောင်း ဇူလိုင် ၁၆

မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ် ပုပ္ပားတောင် မြောက်ဘက် ကျားနေအိုင့်ကျေးရွာအုပ်စု၊ ရေငံရွာ ဆရာတော် ဘဒ္ဒန္တ သုနန္ဒကျောင်း တိုက်အတွင်း ဝိဇယျစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ် လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

တက်ရောက်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းမောင်၊ မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မဖြိုးသွယ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒေါ်ခင်အုန်းမြင့်နှင့်ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိတို့က စာကြည့်တိုက် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီး အလှူရှင်များက သုတ၊ ရသမဂ္ဂဇင်း စာအုပ်များ လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးက လက်ခံရယူကြောင်း သတင်းရရှိသည်။
(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

(၄၆)ကြိမ်မြောက် သွေးလှူဒါန်း

ကန့်ဘလူ ဇူလိုင် ၁၇

ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန့်ဘလူမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးခင်မောင်လတ် **(အပေါ်ပုံ)** သည် ဇူလိုင် ၂ ရက်က ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံ၌ (၄၆) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(၃၈၆)**

မြို့နယ်သာယာလှပရေး ဆောင်ရွက်

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ဦးယောလမ်း ကတ္တရာအဆင့်မြှင့်ခြင်း လုပ်ငန်းအတွက် ကျောက်စုဆောင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်အောင်စောနှင့် အငယ်တန်း အင်/ယာ-၂ ဒေါ်ဆွေဆွေဝင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင် ပျိုးထောင်ထားရှိမှုကို ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

သန်လျင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေး ကော်မတီဖွဲ့စည်း တာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ သန်လျင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဇူလိုင် ၂၈ရက် မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့နယ် သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး(၂) ဦးရန်ပိုင်စိုးက ဖွဲ့စည်းတာဝန်ပေးအပ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဥက္ကဋ္ဌ သန်လျင်ဦးစိုးသိန်း၊ အတွင်းရေးမှူး ဦးမြင့်ဝင်း (ဂီတစာဆို တက်လူမော်)နှင့် အဖွဲ့ဝင် ကိုးဦး ပါဝင်သော မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

စေတနာရှင်များက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ပြည် ဇူလိုင် ၂၀

၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် ပြည်မြို့နယ် ကြို့ရသာရွာ မူလတန်းကျောင်းရှိ ကျောင်းနေပညာသင်ကလေးများအတွက် စေတနာရှင်မိသားစုများက ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ဇူလိုင် ၅ ရက်က ပြည်မြို့နယ် ကြို့ရသာရွာ မူလတန်း ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ် ပညာရေးမှူး ဦးချမ်းအောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတုတ်ကြီးတို့က အမှာစကားပြောကြားပြီး အလှူရှင်များဖြစ်ကြသည့် ဦးဇော်ဝင်း-ဒေါ်ဌေးဌေးရီ(ဇော်ထက်ပွဲရုံမိသားစု)၊ ဦးမောင်မောင်-ဒေါ်ပြုံး (မုန့်မျိုးစုံနှင့် စတိုးဆိုင်)၊ တက်နေဝန်းပွဲရုံမိသားစု၊ မြတ်သီဂီအေးမှုကြိုကျောင်း၊ ပြည်မြို့၊ မမြင့်မြင့်စန်း၊ မသန္တာဦး၊ မမိုမိုကို၊ မစုမြတ်မွန်၊ ကြို့ရသာရွာ၊ ဆရာဦးစိန်ခိုဆေးတိုက်နှင့် ဆရာ ဦးစိန်ခိုဆေးဝါးထုတ်လုပ် ရေး မိသားစုများဖြစ်ကြသော စာရေးဆရာ ဒေါ်ယဉ်ဝေလွင် (ပြည်)၊ ဦးသန်းဝင်း-ဒေါ်သီတာ၊ ဒေါ်စမ်းစမ်းအိ၊ ဦးအောင်မြင့်-ဒေါ်နန်းနန်းဝေ မိသားစုတို့က ပေးအပ်လှူဒါန်းကြရာ ပြည်မြို့နယ် ပညာရေးမှူး ဦးချမ်းအောင်က လက်ခံရယူပြီး **(အပေါ်ပုံ)** ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးမြင့်က ကျေးဇူးတင်စကားပြောကြားကြောင်းသတင်းရရှိသည်။ **(၄၉၇)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မိသားစု ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

လားရှိုး ဇူလိုင် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မိသားစု ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၁ ရက် နံနက်က လားရှိုးမြို့ ရဲအရာရှိရိပ်သာတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့ ကာမိုင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကံလှိုင်နှင့်ဇနီး ဒေါ်သန်းသန်းလှ၊ တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လားရှိုးမြို့ ခါးရိုးကျောင်း ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တသုမနထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များကို နာယူကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကံလှိုင် ဇနီး ဒေါ်သန်းသန်းလှနှင့် တပ်ဖွဲ့ဝင်မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုကို ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာ၌ ကျင်းပ

ဂန့်ဂေါ ဇူလိုင် ၁၅

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက်က ဂန့်ဂေါမြို့နယ် ဇာဟောရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ဂန့်ဂေါခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွဋ်က ဇာဟောကျေးရွာအုပ်စုမှ ပြည်သူ ၅၆၁ ဦးအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်ဌေးသို့ ပေးအပ်သည်။ **(အပေါ်ပုံ)** **(၄၆၅)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ဇူလိုင် ၅ ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သို့ ရောက်ရှိစဉ် အဖွဲ့ပိုင်ယာဉ်၊စက်၊ ယန္တရားများကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်း တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်၊ အလှူငွေများ ပေးအပ်လှူဒါန်း

ရေတာရှည် ဇူလိုင် ၂၂

ရေတာရှည်မြို့နယ်၊ ရွှေကဖောင်းအခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ရွှေကဖောင်း အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ၚင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်က သင်ကြားမှု၊ သင်ယူမှု အရည်အသွေးမြင့်မားရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားသည်။ ဆက်လက်၍ ဆွာအခြေခံ ပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဌေးက ကျောင်းလုပ်ငန်းဆိုင်ရာများနှင့် ပညာရည်ဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး အလှူငွေများလက်ခံယူသည်။ (၁၄၁)

တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း၊ အရှည်ပေ ၅၀၀ လေးလမ်းသွား ကတ္တရာလမ်းအဖြစ် တိုးချဲ့ခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊အမှုဆောင်အရာရှိ ဦးမောင်စိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ဝိုင်းကျင်းပ

တန့်ယန်း ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း မြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ရုံးဝန်ထမ်းများ လိုက်ပါလျက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းလုပ်ငန်းများကို ဝိန်းမိုင်ကျေးရွာအုပ်စု ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ရုပ်သိမ်း

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းကျော်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ခိုင်မာရေး၊ စာဖတ်ရှိန် မြှင့်တင်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ဓာတ်ပုံကျွမ်းကျင်-၂ ဦးမင်းလွင်ဦးက ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏ လက္ခဏာများစာအုပ်မှ သေသေချာချာ ရွေးချယ်ပါ၊ စာထောက်-၃ ဒေါ်နန်းယင်းစံပွမ်က စာဖတ်ကျင့် ခေါင်းစဉ်များကို ဆွေးနွေးကာ ကျေးရွာမှ ဦးရဲထွန်းက စာဖတ်ဝိုင်းများ ကျင်းပ ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ်ပြန်/ဆက်)**

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မကျီးကွင်း-ညောင်ဝိုင်း ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဂဝံများ စုဆောင်းထားရှိမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇူလိုင် ၂၄ ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ တို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အရှေ့)တောင်ငူခရိုင် ရေတာရှည်မြို့ အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးသန်းမြင့်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (လဝက)

ပညာဘဏ်တိုက် စာကြည့်တိုက်ဖွင့်လှစ်

ဘုားသီးတောင် ဇူလိုင် ၁၅

ဘူးသီးတောင်မြို့ ဂန္ဓာရီပရဟိတ ကျောင်းတွင်ဇွန် ၂၄ ရက်ကပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာရီတို့က အသီးသီးအမှာစကားပြောကြားသည်။

ပညာဘဏ်တိုက် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဂန္ဓာရီပရဟိတကျောင်းထိုင် ဆရာတော် ဦးပေဒေဝနှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးမောင်ကျော်ဦး၊သာသနာဦးစီးမှူး ဦးအောင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

ကြေးမုံ The Mirror
မြို့နယ် ဖွံ့ဖြိုးရေး သတင်းများ

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့မစည်ပင်သာယာဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ၊ ဆယ်ယူခြင်း၊ ရေမြောင်းများ တူးဖော်ဖောက်လုပ်မှုလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးဘုန်းမောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဇူလိုင် ၂၂ရက်က ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး၏ ပရိဝုဏ်တွင် ကျင်းပသော ကွမ်းခြံကုန်းမြို့နယ် အသင်း(ရန်ကုန်)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ထူးချွန်သံဃာပူဇော်ပွဲတွင် မြို့နယ်အသင်းသူ၊ အသင်းသားများ ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။

(က-ပ)

ကွမ်းခြံကုန်းအသင်း ဝါဆိုသင်္ကန်းဆက်ကပ်

ကွမ်းခြံကုန်း ဇူလိုင် ၂၈

ကွမ်းခြံကုန်းမြို့နယ် အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ရဟန်း၊ ပုဂ္ဂိုလ်တို့အား ချီးကျူးပူဇော်ပွဲ ဂုဏ်ပူဇာသဘင်တို့ကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး၏ ဘုရားတန်ဆောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထို့နောက် အခမ်းအနားမှူး ဦးကြိုင်မြင့် (ဝါမိုးအောင်စာပေ)က နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင် (မြန်မာ့အလှဆောက်လုပ်ရေး)က ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ထူးချွန်သံဃာတော်များ ဂုဏ်ပူဇာသဘင် ကျင်းပရခြင်းအကြောင်းများကို လျှောက်ထားသည်။

ထို့နောက် ထူးချွန်သံဃာတော်များဖြစ်သော ပါရမီစံပရိယတ္တိ စာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ဆက်ကပ်ခံ ဘဒ္ဒန္တသုနန္ဒရသိရီနှင့် ရွှေကျင်(ဂျား) ကျောင်းပရိယတ္တိ စာသင်တိုက်မှ ပိဋကတစ်ပုံဆောင် "ဝိနယဓရ" ဘွဲ့ဆက်ကပ်ခံ အရှင်နန္ဒကနှင့် အရှေ့ကျောင်းကြီးမှ ဥဘတောဝိဘင်္ဂရေဘွဲ့ဆက်ကပ်ခံ ဘဒ္ဒန္တသုနန္ဒရတို့၏ ထေရုပ္ပတ္တိအကျဉ်းများကို အသင်းနာယက ဦးအောင်ထွဋ် (အငြိမ်းစားရန်ကုန်တက္ကသိုလ် ပါဠိကထိက) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးခင်မောင်ရင်နှင့် ဦးစိန်မြင့်တို့က ဖတ်ကြားပူဇော်ကြပြီး ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။

ထို့နောက် မြို့နယ်အသင်း၏ မြို့နယ်ဖွံ့ဖြိုးရေး အထွေထွေလှူဒါန်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ မဟာတိလောကမှန်ကူ သွန်းဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေများကို မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အလှူရှင် ဗိုလ်မှူးကြီးတင်ထွန်းနှင့် ဒေါ်ရီရီစံ မိသားစုက ဂေါပကအဖွဲ့ဝင် ဦးရှိန်ဝင်းမောင်သို့ လည်းကောင်း၊ အလှူရှင်ဦးထွန်း၊ ဒေါ်အမာရီ မိသားစုက ကွမ်းခြံကုန်းမြို့နယ် ဆေးရုံအတွက် ကျပ်နှစ်သိန်းငါးသောင်းတန် အောက်စီဂျင်ဘူးအား မြို့နယ်ဆရာဝန်ကြီး ဦးမောင်ဝင်းသို့လည်းကောင်း လှူဒါန်းကြသည်။ **(က-ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးသွယ်တန်းရန်အတွက် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ်၊ ပန်းတစ်ပွင့်တောင် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်ထံ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားဝင်းနေ ဦးကိုကို-ဒေါ်ကြည်ကြည်စိုး၊ ညီမ မခင်ပု၊ မိသားစုက ဓာတ်မီးတိုင်(ကျောက်တိုင်တစ်လုံး)နှင့် ကြေးနန်းကြိုး တစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းပေးအပ်လှူဒါန်းစဉ်။ (မြ)

မိခင်ဒေါ်စိန်တင်အား အမှူးထား၍ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ရန်ကြီးအောင်လမ်းနေ ဦးစိန်ဝင်း-ဒေါ်ချိုချို၊ သားမောင်မြတ်မိုး၊ သမီး မအေးအေးသွယ်၊ ဗိုလ်ကြီးမောင်စိုးနိုင် (ငြိမ်း) ဇနီး ဒေါ်ခင်ဖြူ၊ မြေး မောင်ဟိန်းထူးအောင်နှင့် မရတနာမင်း မိသားစုတို့က ပထမအကြိမ် အလှူငွေ ကျပ်ငါးသိန်းကို မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယက၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံ၌ အနုမောဒနာ ရေစက်ချ တရားနာကြားပြီး လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးလှကြည် လက်ခံရယူစဉ်။

(က-ပ)

ပါဝင်လှူဒါန်းနိုင်

ဓနုဖြူ ဇူလိုင် ၂၂

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ဥတ္တရာရာမ ကျောင်းတိုက်အတွင်း အသစ်တည်ဆောက်မည့် ပေ ၄၀ ပေ ၆၀ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကျောင်းဆောင်ကြီးအတွက် ဟင်္သာတမြို့ ဗိုလ်စောမောင်လမ်းနေ ကွယ်လွန်သူ (ဦးဟင်ငါး)အား ရည်စူး၍ ဒေါ်ယဉ်ယဉ်မြင့် (အိုလံပစ်စတိုး) မိသားစုတို့က အလှူငွေ ကျပ် ၁၅၀၀၀၀၊ ကိုကျော်စိန်-မစမ်းစမ်းထွေး (အိုလံပစ်ကား) မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ကို ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ကျောင်းဆောင်အုတ်မြစ်စီရန် မတည်အလှူနှင့် တစ်ခန်းလျှင် ကျပ် ၁၅၀၀၀၀၊ RCတိုင် တစ်လုံးလျှင် ကျပ်ငါးသောင်းဖြင့် ဦးကေလာသဥတ္တရာရာမကျောင်းတိုက် ဓမ္မရိပ်သာဖြစ်မြောက်ရေး အကျိုးတော်ဆောင်ထံတွင် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသမီးရေးရာစည်းရုံးရေး အခြေခံဆင့်ပွားသင်တန်းဖွင့်လှစ်

ဖျာပုံ ဇူလိုင် ၂၇

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် အမျိုးသမီး ရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေး အခြေခံဆင့်ပွားသင်တန်း (၁/၂၀၀၇)ကို ဇူလိုင် ၂၇ရက်က ဖျာပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးက အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ ၂၃ ခုမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသူ ၆၅ ဦးတို့ တက်ရောက်ကြောင်း သိရသည်။ **(အောက်ပုံ) (ခရိုင်ပြန်/ဆက်)**

NELC Don't Worry, Just Speak!

IELTS ✧ **4-August**
INTRO ✧ **1-August**
Level-1 ✧ **6-August**
Level-2 ✧ **3-September**
Regular(Sat,Sun) ✧ **(Age7 to 15)**

Enroll Now!

Room.202,2nd Floor,MGW Tower,(near Aladdin)
Bo Aung Kyaw St,Botahtaung Tsp.**Ph:256517**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ်ထောက်ပံ့

ဘုတလင် ဇူလိုင် ၂၀

ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အခြေခံပညာအဆင့် ဝန်ထမ်းမိသားစုဝင်သားသမီးများအတွက် ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ရက်က ဘုတလင်မြို့ ဗန္ဓုလခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ၅၂ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၁၅၅၀၀ ကိုပေးအပ်ရာ ဒုတိယဦးစီးမှူး ဒေါ်ခင်မေထူးနှင့် အကြီးတန်းစာရေးဦးစိန်ဝင်းကြည်တို့က လက်ခံရယူကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

(၁၅-၇-၂၀၀၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၈)ပါ ဦးကိုကိုအောင်နှင့် တရားရုံးချုပ်ရှေ့နေ ဦးကျော်ဝင်း၊ ဦးစိန်လှထွန်းတို့၏ ကြော်ငြာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း သတိပေးကြေညာခြင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄FG၊ မြေကွက်အမှတ်-၁၃၀၄၊ 30'x50'၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေငှားဂရန် စာချုပ်ထုတ်ပေးထားသည့် ဒေါ်ဆွေဆွေမြင့် အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ဒေါ်ဆွေဆွေမြင့်က ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမရှိဘဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ (၆)ထပ်တိုက် ဆောက်လုပ်ခွင့်ဖြင့် အဆောက်အအုံ ဆောက်လုပ်လျက် ရှိပါသည်။

သို့ရာတွင် အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ဦးကိုကိုအောင်နှင့် တရားရုံးချုပ်ရှေ့နေ ဦးကျော်ဝင်း၊ ဦးစိန်လှထွန်းတို့က သတင်းစာတွင် ဒေါ်ဆွေဆွေမြင့်အား ဦးကိုကိုအောင်မှ အထွေထွေကိုယ်စားလှယ်လွှဲစာ ပြုလုပ်ပေးထားခြင်းလည်းမရှိဘဲ ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်းသည် မှန်ကန်မှုမရှိဘဲ၊ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်-၄၃၅/၂၀၀၈ တွင် ကန့်ထရိုက်တိုက် ဆောက်လုပ်ခြင်း၊ ရောင်းချပေါင်နှံပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း မပြုလုပ်ရန် အမိန့်ချမှတ်ထားခြင်းမရှိဘဲ ထိုသို့မပြုလုပ်ရန် ကြေညာခြင်းသည် တရားရုံးမထီမဲ့မြင်ပြုရာရောက်လျက်ရှိပါသည်။

ထို့ပြင် ဒေါ်ဆွေဆွေမြင့်ကို ထိခိုက်စေသည့်အတွက် ယင်းကြော်ငြာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းသတိပေး ကြေညာအပ်ပါသည်။ ဒေါ်ဆွေဆွေမြင့် [၁၂/တမန(နိုင်)၀၃၅၄၀၄]၏

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန်
B.A, H.G.P, R.L,D.B.L,D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
(အရှေ့ပိုင်းခရိုင်တရားရုံးနှင့်တာမွေမြို့နယ်ဥပဒေရုံးရှေ့)

စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ပွဲကျင်းပ

ကျိုက်လတ် ဇူလိုင် ၂၀

ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဇူလိုင် ၂၀ ရက်က ဆားဖိုသိုင်းချောင်းကျေးရွာ၌ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့်စာဖတ်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုသန့်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ပွဲကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်သူရက စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် "ပတ်ဝန်းကျင်နှင့်မိမိ"ခေါင်းစဉ်ပါ ဆောင်းပါးအား ဖတ်ကြားဆွေးနွေးခြင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်စီးလင်းက စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် "နိုင်ငံတကာပြိုင်ဆိုင်မှုတွေ့ကြုံလာမယ်" ခေါင်းစဉ်ပါ ဆောင်းပါးအား လည်းကောင်း၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဆာမူးရှူက ၁-၇-၂၀၀၇ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ်မှ "မြန်မာအမျိုးသမီးများနှင့် မျိုးစောင့်တရား" ခေါင်းစဉ်ပါ ဆောင်းပါးအားလည်းကောင်း၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးမေးလစ်က ၁၉-၇-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် ဇာနည်ဘွား၏ "အာဇာနည်ခေါင်းဆောင်များကိုအလေး ထားမြတ်နိုးကြပါလျှင်"ခေါင်းစဉ်ပါ ဆောင်းပါးတို့ကို အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၁၅ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အဖွဲ့ပိုင် ပျိုးဥယျာဉ်ပန်းခြံရှေ့တွင် မြေယာရှင်းလင်း သာယာလှပရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror မြို့နယ်ဖွံ့ဖြိုးရေးသတင်းများ

အကျိုးရှိအောင်
အကျိုးဆောင်
ဂျာနယ်ကိုဖတ်လိုက်ပါ။

အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့်ဆက်သွယ်လိုလျှင်၊ အိမ်ခြံမြေ ဈေးနှုန်းများ တိတိကျကျသိလိုလျှင်၊ အောင်မြင်နေသော လုပ်ငန်းရှင်များနှင့် အသက်အသွယ်ရရှိလိုလျှင်၊ သုတ၊ ရသ၊ စာပေ၊ အနုပညာ၊ အားကစား၊ မြန်မာနယ်စပ်ကုန်သွယ်ရေး အနေအထားနှင့် အချေစီးပွားရေးအလားအလာ စသည်ကဏ္ဍစုံလင်စွာဖြင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။

31.7.2007 အင်္ဂါနေ့ ထွက်ပြီ။

သန္တာသစ
အဆင့်မြင့်ခရီးသွားမှု
* ရွှေတောင်ပြုံးပွဲ၊ မန္တလေး၊ စစ်ကိုင်း၊ မြင်ဦးလွင်(၆)ရက်
Aug 21 Ks 110000/-
* ပုပ္ပါး၊ အဘအောင်မင်းခေါင်ထွက်ပွဲ၊ ပုဂံ၊ ညောင်ဦး(၅)ရက်
Sep 25 Ks 95000/-
တိုက်(၂)၊ အခန်း(၂၀၆)၊ မြိုင်ဟောတယ်အိမ်ယာ(စ)ရိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ 726559 ☎ 653575 Ext: 211 ✆ 09-5194815

သန္တာသစ
Car Rental
၄၅နာရီ ခရီးရှည်မရှိ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံငှားသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
☎653575,76 to --80 Ext: 211

နိုင်ငံခြား ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့် အမှတ်တရ၊ ဒီနိစ်ရစ်ချဒ်စ်၊ လင်းဆေးလိုဟန်၊ ဒေဗီကိုတို့ရဲ့ အနုပညာကမ္ဘာ၊ ရှက်တတ်သူတွေဖတ်ဖို့ ဆူဒိုနင်ရဲ့ စာ၊ လူငယ်များသိရမယ့် အရေးကြီးဆုံး ဆုံးဖြတ်ချက် ၆ ချက်၊ တက္ကသိုလ်ဝင်ကျောင်းသားများအတွက် မြန်မာဘာသာအကြောင်း သိကောင်းစရာ၊ လူငယ်များအတွက် Blog Digest, စကောလာရှာနေတဲ့ လူငယ်များသိသင့်တဲ့ East West Center Graduate Fellowship, ဗိုလ်ပိုင်ကိုရောက်ခဲ့တဲ့ မြန်မာစာနယ်ဇင်းသမား၊ အင်္ဂလိပ်စာလေ့လာမှု အတွေ့အကြုံ စသည်များဖြင့်… ထွက်ပြီ။

ဖူးငုံ
ဆယ်ကျော်သက်မဂ္ဂဇင်း
teen magazine

အခြေခံ
ပန်းချီသင်တန်း
မူလတန်းအရွယ် မှ လူကြီးအထိ သင်ကြားပေးပါသည်။
ကျောင်းသား/သူများအတွက်
ပုံမှန်သင်တန်းဖွင့်ပြီ
စနေ၊ တနင်္ဂနွေ အထူးစီစဉ်ထားပါသည်။
အမှတ်(၁၆၄)။ ပ-ထပ်၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၅၁၆ ၂၃၆၇

ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
(၂ နှစ်အာမခံပါသည်။)
▲ ဆံပင်ဖြောင့်(30000/-Ks)တန် Discount(15000/- Ks)
▲ စက်ပြန်ဆွဲရန်မလိုပါ။
▲ ဗယောင်းတုန်ဆေး ထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်း အိတုန်စေပါသည်။
ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ ဒဂုံနန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၁၁၄၊ ၁၁၆)မြေညီ၊ ၄၆ လမ်းအထက်၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

Academia
Executive Education
- IELTS Foundation & Regular
- TOEFL
- Academic Writing (Is & Toefl)
- Teacher Training Course
- Weekend English For Kids (Age 4-15)

ကလေးများအတွက်
စနေ (ဥပုသ်)+တနင်္ဂနွေ အင်္ဂလိပ်စာသင်တန်း

Only 10 students per class

No.226, Room(301) Dhama Zedi Road, Wizaya Plaza, Bahan. Ph-01-524112

ပါရမီ Car Rental
မြို့တွင်း၊ နယ်ဝေး၊ လချုပ်၊ နှစ်ချုပ်၊ အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံးရန်အတွက် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph:572560, 560303

မိခင်အမည်မှန်
အထက(၂)လသာ ဒသမတန်း (C)မှမထက်ထက်လွင်နှင့် ဒသမတန်း (A)မှ မထက်ထက်လင်း၏ မိခင်အမည်မှန်မှာ ဒေါ်ကျင်မြဖြစ်ပါသည်။
ဒေါ်ကျင်မြ
[၁၂/ကမတ(နိုင်)၀၄၅၀၀၀]

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၄က/၅၇၉၃ တိုယိုတာကိုရိုလာ AE 91 လက်ဝယ်ရှိသူ ဒေါ်မီမီဟန် (ဘ-ဦးဘဟန်)က အမည်ပေါက်ဦးလှဟန်(ဘ-ဦးဘဟန်)ထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အရ အမည်ပြောင်း လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
ဒေါ်မီမီဟန်
[၁၂/မဂတ(နိုင်)၀၆၆၀၇၀]

Time IELTS အထူးဝိုင်း Exams;
Global English, Chinese
၂၅ပထပ် တိုက်၁ လှည်းတန်း အင်းစိန်လမ်းမ. ၅၁၄၂၇၃

GRACE
TRAINING AND SERVICE CENTRE
ဧရာစီဒေသတ္တာ၊ အဲယားကွန်းသီးသန့် အမြန်သင်တန်း
လက်တွေ့ဦးစားပေးစနစ်တစ်လအပြတ်
လုပ်သက်ရင့်ဆရာများ ဦးစီးသင်ကြားသည်။ ပြည်တွင်း/ပြည်ပ (SHORE JOBS)များတွင် PROFESSIONAL ဖြစ်စေရမည်။
(ပစ္စည်းကိရိယာစုံလင်စွာဖြင့် လက်တွေ့သင်သည်။)
13.8.07 တန်းခွဲသစ်စမည်။ 11:00 နာရီမှ 1:00 နာရီ
သင်တန်းနေရာ အမှတ် (၆၉)၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(၆-ထပ်ကြီးမှတ်တိုင်အနီး)။ ☎ 707956

i B S Computer
- Summer Course For Kids
- Window 2006 Course
- Graphic Design Course
- DTP Course
- Network⁺ Course
- Programming Course
- Hardware (A⁺) Course
- Auto CAD 2006 Course
- E-mail & Internet Course
- MYOB Accounting Course
- System Policy 2006 Course

Course တစ်ခုချင်းစီကို တစ်ဦးချင်း ဆရာတစ်ယောက် စီဖြင့် အတတ်တတ်ယူ သင်ကြားပေးပါသည်။ နိုင်ငံခြား သွားမည့် သူများတတ်သင့်သော Policy Courseကို (7)ရက် အမြန်သင်ပေးပါသည်။ Hardware A⁺နှင့် Network ⁺Course ကို 45,000/ကျပ် ဖြင့် JobTrainingနှင့်တကွ မတတ်မချင်း တာဝန်ယူသင်ကြားပေးပါသည်။ ကွန်ပျူတာ Course များကို အိမ်အရောက် လိုက်သင်ပေးခြင်း။ Internet လိုက်လံ တပ်ဆင်ခြင်း၊ ကွန်ပျူတာ ပြုပြင်ခြင်းများကို စိတ်တိုင်းကျ ပြုလုပ် ပေးပါသည်။
ကြော်ငြာနှင့် တကွ လာပါက Internet Training free Course အပါအဝင် Internet (10) Hours free အသုံးပြုခွင့် ရမည်။
Special Member ဝင်လျှင် သင်တန်း Course များ၊ Service များ Free သင်ကြားလုပ်ဆောင်ခွင့်နှင့် မိမိကိုယ်တိုင် အလုပ်ဆင်းရန်မလိုဘဲ လစာကောင်းကောင်း ဖြစ်ရမည်။
☞ အမှတ်(၂၄)၊ ၁၄၆လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်ဆင်း) ဖုန်း - 296266
☞ အမှတ်(၄၁)၊ ဘိုကလေးဈေးလမ်း (အောက်)၊ ရန်ကုန်မြို့။

လက်စွဲ
မြို့တွင်း၊ မြို့ပြင်လချုပ်၊ နှစ်ချုပ်ခရီးနီး/ဝေး နာရီပိုင်း၊ ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များကိုလည်းဖိတ်ခေါ်ပါသည်။
09 8024368, 378993, 095013779, 095190730

ပီတိ
ကားအငှားလုပ်ငန်း
လချုပ်၊ နှစ်ချုပ်၊ ရုံးသုံး၊ အချိန်ပိုင်း ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
☎: 01- 579026 ✆: 09-51-79446

ဒေါ်ကြင်ထွေး (မန်နေဂျင်းဒါရိုက်တာ)လကမ္ဘာကုမ္ပဏီနှင့် အများသိစေရန် ဝန်ခံတောင်းပန်ခြင်း

ကျွန်တော် ဦးကျော်မြင့် [၁၂/ရကန(နိုင်)၀၁၄၁၉၆]သည် မိမိ၏ကိုယ်ကျိုးစီးပွားအတွက် လကမ္ဘာကုမ္ပဏီ၏ Letter Head ကို အတုပြုလုပ်ပြီး မိမိကိုယ်တိုင် ဒါရိုက်တာဟု လက်မှတ်ထိုးကာ လိမ်လည်၍ အသုံးပြုမိခဲ့ပါသည်။ ဤပြုမူဆောင်ရွက်ချက်ကြောင့် လကမ္ဘာကုမ္ပဏီ၏ စီးပွားရေးအားဖြင့်လည်းကောင်း၊ လူမှုရေးအားဖြင့်လည်းကောင်း၊ ဂုဏ်သိက္ခာအားဖြင့်လည်းကောင်း လွန်စွာမှပင် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရပါသည်။ ဤကဲ့သို့ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ကျွန်တော် ဦးကျော်မြင့်သည် လကမ္ဘာကုမ္ပဏီအား ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်ပါကြောင်း အများပြည်သူသိရှိစေရန် တောင်းပန်အပ်ပါသည်။

ကျွန်တော် ဦးကျော်မြင့်၏ လုပ်ဆောင်ခဲ့သော ငွေကြေးကိစ္စများ၊ စီးပွားရေးကိစ္စများ၊ လူမှုရေးကိစ္စများသည် မည်သည့်အခါကမှ လကမ္ဘာကုမ္ပဏီနှင့် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိပါ။ နောင်တွင်လည်း လကမ္ဘာကုမ္ပဏီ၏ အမည်၊ ဂုဏ်သိက္ခာ၊ စီးပွားရေးစသဖြင့် ထိခိုက်နစ်နာမှုရှိစေမည့်အလုပ်ကို တစ်သက်လုံး မလုပ်တော့ပါကြောင်း ဝန်ခံကတိပြု တောင်းပန်ပါသည်။

ဦးကျော်မြင့်
[၁၂/ရကန(နိုင်)၀၁၄၁၉၆]

ခင်ခင်ထူး၊ နေဝင်းမြင့်၊ ကိုငြိမ်း(မန္တလေး)၊ သဲထူး၊ ခင်ဆွေဦး၊ သန်းထွန်းဇော်၊ တင်မြင့်ဦး(သံတွဲ)၊ ကိုလှိုင်ကြည်ဝင်း၊ ကျော်ညီလွင်(ကျောက်ဆည်)၊ ငွေဇင်ယော်ဦး(မိုးကုတ်)၊ နေဇင်လတ်၊ မြင့်သန်း၊ စည်သူမြသန်း၊ ရီတာအောင်(NY)၊ မီ၊ မေတ္တာဦး၊ မိုးကျော်ထွန်း၊ အောင်သန်းထွန်း၊ ခင်လေးမြင့်၊ နေနေတို့၏ ဆောင်းပါးများနှင့်အတူ………
ဩဂုတ်လထုတ် ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း ထွက်ပြီ။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီး ဘလိပ်ဓားသွားဆူးကြိုးများကို
10% Discount ဖြင့်တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါသည်။
- လှပသည်၊ ခိုင်ခံ့သည်၊ သေသပ်သည်။ * ဒီဇိုင်းနှင့် အမျိုးအစားစုံလင်သည်။
- နေအိမ်၊ ဂိုဒေါင်၊ စက်ရုံများ၏ လုံခြုံရေးအတွက်စိတ်ချရသည်။
- နှစ်ကာလကြာရှည်စွာအသုံးပြုနိုင်သည်။ * စိတ်ချမ်းသာရမည်။

PH: 01-642748/ 09-500-8161/ 09-99-27951/ 09-510-4455/ 09-515-6543

"အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ပိုင်း၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၀၇)နေ ဒေါ်ကျင်သီ[၁၂/သဃက(နိုင်)၁၀၀၈၂၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄(စီ)၊ မြေကွက်အမှတ် ၈ဒီ/၂အေ၁ နှင့် ၈ဒီ/၂ဘီ၁ ဟုခေါ်တွင်သော မြေပိုင်မြေအမျိုးအစား၊ ဧရိယာ(၀ဒသမ၂၅၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ်-၃/ဃဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် **ဒေါ်မြသန်း**ထံမှ ဦးမြင့်ဆွေ(ဒေါ်သောင်းမေ)နှင့် ဒေါ်ကျင်လှတို့က မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်-၈၂၈/၈၉ ဖြင့် ပူးတွဲဝယ်ယူခဲ့ပါသည်။

ဦးမြင့်ဆွေ သည် ယောကျ်ားစိတ်ပေါက်နေသောသူဖြစ်ပြီး အမည်ရင်းမှာ **ဒေါ်သောင်းမေ** ဖြစ်ပါသည်။ ဒေါ်သောင်းမေ(ယောကျ်ားစိတ်ပေါက်သူ ဦးမြင့်ဆွေ)သည် ၂-၁၂-၉၂ရက်နေ့က ကွယ်လွန်ခဲ့ပြီးနောက် ညီမအရင်းဖြစ်သူ **ဒေါ်ကျင်သီ** တစ်ဦးတည်းသာ ဒေါ်သောင်းမေ၏အမွေကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆက်ခံပါသည်။

ယခုအခါ မြေကွက်ပူးတွဲပိုင်ဆိုင်သူ ဒေါ်ကျင်လှမှ အဆိုပါမရွှေ့မပြောင်းနိုင်သောပစ္စည်းပေါ်တွင် ဒေါ်သောင်းမေ(ယောကျ်ားစိတ်ပေါက်သူ ဦးမြင့်ဆွေ)၏ဇနီးဟု မမှန်မကန်ဖော်ပြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံကိန်းဌာနတွင် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန် မြေပုံမြေရာဇဝင်ကို ကူးယူလျှောက်ထားခြင်းအပေါ် ၄-၇-၂၀၀၇ရက်နေ့က ကန့်ကွက်စာတင်သွင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေမသိရှိဘဲ ရောင်းဝယ်၊ လွှဲပြောင်း၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းစသည့် တစ်နည်းနည်း လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်ကျင်သီ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဉာဏ်ဝင်း၊ ဒေါ်စန်းမာလာညွှန့်
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၃၁/၃၃၊ စတုတ္ထထပ်၊
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ယ/၆၂၅၀၅ ဦးကျော်ကျော်မင်း Honda C90 ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ကျော်မင်း မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၁၂၃၁၈၀]က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

ဝမ်းနည်းကြေကွဲခြင်း
သူငယ်ချင်း ဦးရဲထွေး B.E (Civil) ၁၉၇၆သည် ၂၄-၇-၂၀၀၇ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း ဒေါ်ဝင်းရွှေ (လ/ထ အင်/ယာ မြို့ပြ)မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ရန်ကုန်စက်မှုတက္ကသိုလ်
၁၉၇၆ခုနှစ် မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
အာလ်ဟာဂျီမော်လနာဖိုင်ဇွလ်အစ္စလာမ်
(အမီးရ်ဆပ်၊ ရခိုင်ပြည်နယ်)
အသက်(၇၅)နှစ်
ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ငါးရန့်ချောင်းကျေးရွာအုပ်စု၊ ပေါက်တောပြင်ရွာ (တောင်ဘဇာ)နေ (ဟာဂျီ ဦးဆယီဒုရ်ရဟ်မာန်)၏ ဒုတိယမြောက်သား၊ (ဟာဂျီမ ဒေါ်မုစ်တော်ဖာခါတူ)၏ ချစ်လှစွာသောခင်ပွန်း၊ အလ်ဟာဂျ်မော်လဝီဟာဖိဇ် မုဟမ္မဒ်ဟာရေစ်၊ မရူကီယာ၊ မဖာတေမာ၊ မော်လဝီဟာဖိဇ်မဟ်မူးဒ်၊ မော်လဝီအီလီယာစ်၊ ဟာဖိဇ်ယဟ်ယာ၊ ဟာဖိဇ်အဗ်ဒူလ်မူကီးသ်တို့၏ ကျေးဇူးရှင်ဖခင်၊ အလ်ဟာဂျ်မော်လဝီ၊ အဟ်မဒ်ခေါ်ဘိရ်၊ ဟာဂျီမဒေါ်ဆာဗေရာခါတူ၊ မော်လနာအီဗြာဟိမ်းတို့၏အစ်ကို အာလ်ဟာဂျ်မော်လနာဖိုင်ဇွလ်အိစ္စလာမ်သည် ၂၈-၇-၂၀၀၇ (စနေနေ့) နံနက် ၁၀း၃၇နာရီတွင် မိမိနေအိမ်၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းမိပါကြောင်း။ **ချစ်တပည့်တစ်စု (ရန်ကုန်မြို့)**

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါလိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

Grammar ဦးဇော်မြင့်
(B.A English)
Home English Tuition
Grammar အပြော၊ အရေး၊ အဖတ်၊ ကျောင်းစာ(တန်းစုံ)
Grammarကိုကျွမ်းကျင်အောင် သင်ပေးမည်။ ဖုန်း -၅၄၁၃၃၀

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် မမ/၁၂၉၉၆ Honda Wave မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်စိုး မှတ်ပုံတင်အမှတ်[၆/မအရ (နိုင်)၀၅၇၁၃၈]က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဦးစီးမှူးရုံး (မြိတ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမကြီး

ဒေါ်ယဉ်သန်း (၇၇)နှစ်

ဒဂုံ အထက(၃)၊ သဲကုန်းမြို့၊ မင်းလှမြို့

အငြိမ်းစား၊ ဆရာမ

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ သဲကုန်းမြို့နေ (ဦးလှဆောင်-ဒေါ်ဖွားချိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၃)နေ ဦးခင်မောင်ဖြူ(ယခင်အခြေခံပညာ ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစားသံအမတ်ကြီး)၏ဇနီး၊ ဦးတင်ဝင့်-ဒေါ်ဥမ္မာဖြူ(ဘေဘီ)၊ ဦးဟန်စိုးအောင်-ဒေါ်ခိုင်မာဖြူ၊ (ဗိုလ်ကြီးကျော်စွာဖြူ၊ တပ်မတော်-ရေ)-ဒေါ်မိုးမိုးကျော်တို့၏ မွေးသမိခင်၊ ဒေါက်တာဝင်းသိန်း-ဒေါ်ရီရီလွင်၊ (ဒေါက်တာခင်ဝင်း)-ဒေါ်ခင်စန်းဦး၊ (ဦးသိန်းဌေး)-ဒေါ်လှိုင်သက်အေး(စုစု)တို့၏အစ်မကြီး၊ မြေး ငါးယောက်တို့၏ အဘွားသည် ၃၀-၇-၂၀၀၇ (တနင်္လာနေ့) ညနေ ၆း၂၅နာရီတွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမ ဟာဇရာဘီဘီ

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း(အလယ်)၊ အမှတ်(၁၄၂)နေ ဟာဂျီအိစ်မာအီလ် (ရွှေအိုးကြီးဒံပေါက်)၏ ဇနီး၊ ဟာဂျီစလင်း-ဟာဂျီမဒေါ်နီနီ၊ ရှမီးမ်-ဒေါ်ရွှေစင်ဦး၊ ဟာဂျီအဇင်း-ဟာဂျီမဒေါ်နုနု၊ ဟာဂျီဇော်ထိုက်-ဟာဂျီမခိုင်ခိုင်ထွန်း၊ ဟာဂျီဇော်မင်း-ဟာဂျီမမေနှင်းဖြူ၊ ဟာဂျီကျော်ကျော်ဦး-ဟာဂျီမမာမာလွင်၊ ဟာဂျီမဖွာတမာဘီ-ဟာဂျီကိုလှမောင်၊ ဟာဂျီမဆာဘေရာဘီ-ဟာဂျီကိုလှမြင့်၊ ဟာဂျီမအာဇေဒါဘီ-ဟာဂျီကိုဝင်းမောင်၊ ဟာဂျီမဇိုင်ဟေဒါဘီ-ဟာဂျီကိုအေးလွင်တို့၏ မွေးသမိခင်သည် ၃၀-၇-၂၀၀၇ (တနင်္လာနေ့) ည ၉း၃၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၁-၇-၂၀၀၇ (အင်္ဂါနေ့) မိုဃ်းကျဗလီတွင် ဇိုဟာရ်နမာဇ်အပြီး ဂျနာဇာဟ်နမာဇ်ဖတ်၍ ရေးဝေးစွန္နီကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွာနာမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဦးထွန်းအောင် (၅၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)လမ်း၊ အမှတ်(၆၈)နေ ရာသက်ပန်အသင်းဝင် ဦးအောင်ဇေယျ၏ညီ ရာ/အသင်းဝင် ဦးထွန်းအောင်(၁၀၉၈/ရာ) သည် ၂၆-၇-၂၀၀၇ရက်တွင် ကွယ်လွန်၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်မင်း(ဦးချူး)(၈၅)နှစ်

ရုပဗေဒဌာနမှူး(ငြိမ်း)

(ဆေးတက္ကသိုလ်-၂)

ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)အထက်၊ အမှတ်(၂၇၅)၊ ပ/ယာနေ (ဦးအာဟုတ်-ဒေါ်ထွေးကြည်)တို့၏ သား၊ (ဦးကျင်-ဒေါ်ရင်)တို့၏ သားသမက်၊ ဒေါ်မြကြည်၏ ခင်ပွန်း၊ ကိုစိန်ဝင်း-ဒေါ်နွယ်၊ ဒေါ်မြမြဝင်း၊ မလှလှဝင်း၊ မောင်ဖေဝင်း (ရှင်ပညာဝံသ)၊ မခင်ထွေးဝင်း-မောင်စိန်တိုးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ၂၉-၇-၂၀၀၇(တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၀၇(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) (နေအိမ်မှ ကားများ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးသို့ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မကြီး (၈၁)နှစ်

လ/ထညွှန်ကြားရေးမှူး(လဝက-ငြိမ်း)

(စစ်တွေ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ အမှတ်(စီ-၁၅၇)၊ သဇင်(၄)လမ်းနေ (ဦးဘသာ)၏ ဇနီး၊ (ဦးထွန်းအောင်ဇံ-ဒေါ်မအုံး)တို့၏ သမီးကြီး၊ (ရဲမှူးကြီးစိန်လှအောင်) - ဒေါ်စောမေ၊ ဒေါ်မြတင်-ဦးစောလှအောင်တို့၏ အစ်မကြီး၊ ဦးသန်းထွန်း-ဒေါ်ခင်မြမြဦး၊ ဒေါ်ခင်မြင့်မြင့်စိုး၊ ဦးအေးချိုမောင်(3/E Uniteam)-ဒေါ်မေအေးဝင်းတို့၏ မိခင်၊ မြရွှေရည်ဇံ၏ အဘောင်ရှင်သည် ၂၉-၇-၂၀၀၇(တနင်္ဂနွေနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၀၇(အင်္ဂါနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မူးယစ်ဆန့်ကျင်
အောင်ပွဲဆင်

ရေခဲမုန့်၊ အအေး၊ မစ်ရှိတ်၊ ကိတ်၊ မုန့်ဖုတ်သင်တန်း
သစ်သီးယို၊ ဖျော်ရည်ဆီ၊ အချိုရည်၊ ဆော့(စ်)၊ ဂျယ်လီထုတ်လုပ်သင်တန်း
သင်တန်းရက် - အပတ်စဉ်တနင်္လာနှင့် ကြာသပတေးနေ့တွင် သင်တန်းစပါသည်။
EAC since 2002
ပင်မသင်တန်း (က၁)၊ မြေညီထပ် (၁၂) လမ်း၊ စံပြမှတ်တိုင်၊ လမ်းမတော်၊ ရန်ကုန်
01-223300, မန္တလေး -02-23288 ကွယ်လီမှုန့် 1 Kg = 8000/-

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။
တစ်ပတ် ၂ရက် (၅)လတာကာလနှင့် လုံးဝ ရေးတတ်မည်၊ အလယ်/ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့ရ၊ အလုပ်ခွင်ရောက်သူ၊ PSC ဖြေဆိုသူ မဖြစ်မနေတတ်ပါ။
ဩဂုတ်လ (၂/၄/၆) ရက်နေ့(ပ/၃တွဲ) တန်းခွဲသစ်ဖွင့်မည်။
အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ ခုံးတံတားထိပ်၊ ရန်ကုန်မြို့။
Ph : 286871, 0951 - 72096

တီဘီရောဂါ သတိပြုကာကွယ်ပါ

- ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင် -
- သလိပ်တွင် သွေးပါလျှင် -
- တငွေ့ငွေ့အဖျားတာရှည်လျှင် -
- တဖြည်းဖြည်း ပိန်ချုံးလာလျှင် -

နီးစပ်ရာကျန်းမာရေးဌာနများတွင် တီဘီရောဂါရှိ-မရှိစစ်ဆေးပါ

တီဘီလူနာများကို အစွမ်းထက်သောတီဘီဆေးများဖြင့် ပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း

(ဖုန်း-၀၁-၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန

ရဟန်းအမ

ဒေါ်သိန်းတန် (၉၆)နှစ်

(စစ်တွေ)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ တိုက်(၁၅၃)၊ အခန်း(၂)နေ (ဦးအေးမောင် - ဒေါ်ကြွစံဦး)တို့၏ သမီးကြီး၊ (ဦးကျော်ဇောရီ-ဒေါ်လှမြသိန်း)၊ ဒေါ်စိန်လှဖြူ၊ ဒေါ်အညို၊ ဒေါ်အောင်မရှိတို့၏ အစ်မကြီး၊ (ဦးစောမောင်)၏ ဇနီး၊ (ဦးမောင်ကြီး)၊ ဦးစံသိန်း-ဒေါ်သာဖြူတို့၏ မိခင်၊ မအေးသိန်းဦး၏ အဘောင်ရှင်၊ (ဦးမြသာ-ဒေါ်လှသိန်းဦး)၊ ဦးမောင်သန်း-ဒေါ်ဦးသိန်းယဉ်၊ ဦးထွန်းစိန်-ဒေါ်ခင်ဝင်း၊ ဦးအထွီး - ဒေါ်သန်းသန်းဌေးတို့၏ အကြီးရှင်၊ မြေး၁၅ယောက်တို့၏အဘောင်ကြီးသည် ၂၈-၇-၂၀၀၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်ပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၈-၇-၂၀၀၇ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ဒုတ်(ဒေါ်တုတ်)

အသက်(၈၇)နှစ်

(မြိတ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၀)၊ (ပ-ထပ်ဘယ်)နေ (ဦးမဲ-ဒေါ်မျှင်)တို့၏ သမီးကြီး၊ ဦးဘသက်၏ ဇနီး၊ (ဦးစိန်သန်း)-ဒေါ်တင်ရီ၊ ဦးဖေလင်း-ဒေါ်ထူးကြည်၊ ဦးစိန်အေး-ဒေါ်ခင်ကြူ (သစ်ဆန်းကြွေပြားရောင်းဝယ်ရေး)၊ ဦးလှကြည်၊ ဦးအောင်မင်း-ဒေါ်ဝင်း၊ (ဦးစိန်ရှင်)-ဒေါ်အေး၊ ဦးမြင့်ဝေ-ဒေါ်မြကြည်၊ ဦးသိန်းဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) နံနက် ၇း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်အသင်း

ဒေါ်ဒုတ်(ခ)ဒေါ်တုတ်

အသက်(၈၇)နှစ်

မြိတ်မြို့၊ ကွက်သစ်ရပ်နေ (ဦးမဲ-ဒေါ်မြင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၇၀)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးဘသက်၏ ဇနီးသည် ၃၀-၇-၂၀၀၇ရက်တွင် ကွယ်လွန်၍ ၁-၈-၂၀၀၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။

အမှုဆောင်အဖွဲ့

ဦးမောင်ဖူး (၇၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၈၅)၊ လေးလွှာနေ (ဒေါ်ခင်ရွှေ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစောမောင်မောင်၊ ဦးစိန်ဝင်း၊ ဒေါက်တာစိန်ရှမ်း-ဒေါ်ကေသီလွင်၊ ဒေါက်တာစိန်အေး (မြို့နယ်ဆရာဝန်ကြီး၊ ကော့မှူး)-ဒေါ်ဝါဝါခိုင်၊ ဒေါ်စုစုကြည် (သစ္စာဆေးဆိုင်၊ မင်္ဂလာဈေး)၊ ဦးကျော်စိန်-ဒေါ်မြတ်မြတ်မော်၊ (ဦးကျော်ဇေ)၊ ဒေါ်စုစုရင်-ဦးစိုင်းထွန်းမင်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ ဒေါင်-(ဦးတင်)၊ ဒေါ်ခင်သန်းမေ-ဦးပီတာဖောင်း၊ (ဒေါ်ရွှေလွင်)-ဦးမြင့်ကျော်၊ (ဦးမြတ်မြင့်)-ဒေါ်ချိုချိုလွင်တို့၏ အစ်ကိုကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၅)လမ်း၊ အမှတ်(၅၀၁/က)နေအိမ်တွင် ၂၉-၇-၂၀၀၇ရက် ညနေ ၅နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၇ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပ နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းဌေး (၄၃)နှစ်

(ထားဝယ်)

ထားဝယ်မြို့၊ အမှတ်(၆၇၀)၊ ကျက်သရေလမ်း၊ ကြက်စားပြင်ရပ်နေ ဦးဘရှိန်-ဒေါ်တင်ရှိတို့၏ဒုတိယသမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အောင်သုခ(၁၉)လမ်း၊ အမှတ်(၁၁၀၄)၊ ၆/အရှေ့ရပ်ကွက်နေ ဦးဖေကြည်၏ဇနီး၊ မသန်းသန်းဆင့်၏ အစ်မ၊ မခိုင်ဇင်ဝင်း၊ မောင်ကိုကိုဇင်တို့၏ မွေးသမိခင်သည် ၂၉-၇-၂၀၀၇(တနင်္ဂနွေနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၀၇(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သောင် အသက်(၁၀၀)

ဗိုလ်ချုပ်သက်နိုင်ဝင်း-ဒေါ်မြင့်မြင့်စိုး၏အဘွားသည် ၂၇-၇-၂၀၀၇ရက်တွင် မအူပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီရိလှုဓမ္မမဏိဇောတရေ ဦးမြင့်စိုး-ဒေါ်မြမြစိုး မိသားစု

မရမ်းကုန်း

ဒေါက်တာဦးကျော် (၇၅)နှစ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ကျန်းမာရေးဦးစီးဌာန

ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဆရာဝန်ကြီး (ဦးသန့်-ဒေါ်အုန်းတင်)တို့၏သား၊ [ဦးလှတော(ရဲမင်းကြီး၊ ငြိမ်း)-ဒေါ်ခင်ဦးတော]တို့၏ သားသမက်၊ ဒေါ်ခင်မေတော(Mabel)၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်သန့်၏ မောင်၊ ဒေါက်တာဦးဖေခင်သင့်-ဒေါက်တာဒေါ်မေမွန်ကျော်(ခ)ဒေါ်သီဂီကျော်၊ (ဦးဥဂ္ဂါကျော်)၊ ဒေါ်သူဇာကျော်တို့၏ ဖခင်၊ Juliana မေသက်နွယ်၏ အဘိုး ဒေါက်တာဦးကျော်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် Boca Raton မြို့တွင် ၂၈-၇-၂၀၀၇ရက် ဒေသစံတော်ချိန် ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်းနှင့် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

ဦးသန်းမြင့် (၇၄)နှစ်

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ဆည်မြောင်းဦးစီးဌာန

၂၀-၇-၂၀၀၇(သောကြာနေ့)တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားသော ဦးသန်းမြင့် အသက်(၇၄)နှစ် နာမကျန်းဖြစ်စဉ်မှစ၍ ဈာပနကိစ္စအထိ အစမှအဆုံးတိုင်အောင် စေတနာမေတ္တာဖြင့် အစစအရာရာ ကူညီခဲ့ကြသော ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသော မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများ၊ တပည့်များနှင့် ဆွေမျိုးများအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျင်မောင်(ခ)ဦးစိုးဝင်း

အသက်(၇၁)နှစ်

ရဲတပ်ကြပ်ကြီး(ငြိမ်း)

အခန်း(၆)၊ ဒုတိယထပ်၊ ပုဇွန်တောင် ရဲရိပ်သာနေ ဒေါ်ခင်ရွှေ(ရဲအုပ်-ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာလှဝင်း(ခွဲစိတ်အထူးကု၊ မော်လမြိုင်ဆေးရုံကြီး)-ဒေါ်မြတ်ဥမ္မာကျော်၊ ဦးအောင်ကြီး(ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး) - ဒေါ်ခင်ဆွေဝင်း (ITBMU)၊ ဒေါ်ခင်စန္ဒာဝင်း(လ/ထ ကထိက၊သချ်ာဌာန၊ရန်ကုန်တက္ကသိုလ်)တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၇ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်သန်းဝင်း (၆၃)နှစ်

(အလုံ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်) ရပ်ကွက်၊ ၄၀လမ်း၊ အမှတ်(၄၂)၊ ပထမထပ်နေ (ဦးလှမောင်-ဒေါ်လှမေ)တို့၏ သမီး၊ (ဦးထွန်းငွေ)-ဒေါ်တင်ငွေတို့၏ သမီးချွေးမ၊ ဦးလှဝင်း(စိုက်ပျိုး/မွေးမြူရေး၊ ရေနက်ကွင်း၊ ညောင်တုန်းမြို့)၏ ချစ်လှစွာသော ဇနီး၊ ကိုသန်းဇော်-မအေးအေးမိုး၊ စောထိုက်စိုးလင်း-မဝင်းမင်းလတ်(Golden Key Co.,Ltd.)တို့၏ မိခင်ကြီး၊ မဟံသာလင်းသန့်(အထက-၄၊ အလုံ)၊ မောင်မျိုးမင်းသန့်(မူကြို-၃၊ အလုံ)၏အဘွား ဒေါ်ခင်သန်းဝင်းသည် ၂၈-၇-၂၀၀၇ (စနေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၀၇(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာ

ဦးခင်မောင်ဆွေ (၅၉)နှစ်

(ရေဦး/မြောင်းမြ)

ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်ကွက်နေ ဦးရာ-ဒေါ်ရွှေပုံတို့၏ သားကြီး၊ မြောင်းမြမြို့နေ ဒေါ်လေးမွန်(အထက-၁)၏ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးအောင်ထိုက် - မထက်ထက်လင်းမွန် (ရွှေမိသားစု-၂၊ အထည်ဆိုင်၊ ပုသိမ်)၊ မောင်ခင်မောင်ထက်(ခ) ဖိုးခွားတို့၏ ဖခင်၊ မောင်မျိုးခန့်၏အဘိုး၊ ဒေါ်ခင်သန်းဆွေ(ဆရာမ၊ ငြိမ်း)၊ ဦးခင်မောင်ဝင်း-ဒေါ်မြမြနှင်း (သီးနှံပွဲရုံ၊ မုံရွာ)၊ ဦးမောင်မောင်ထွေး - ဒေါ်တင့်တင့်ဝင်း (သ/မဦးစီး၊ ရေဦး)၊ ဦးခင်မောင်ထွန်း-ဒေါ်စိုးစိုးအောင်(အေးရိပ်ဆန်ပွဲရုံ၊ ရေဦး)တို့၏ အစ်ကိုကြီးသည် ၂၉-၇-၂၀၀၇ရက် နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၈-၂၀၀၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများနံနက် ၉နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၂၁)နေ (ဦးစံသိန်း-ဒေါ်ထွန်းမေ)တို့၏ သမီး၊ (ဦးကြည်မြင့်)-ဒေါ်လှတင်၊ ဦးသိန်းလွင်-ဒေါ်စိန်စိန်၊ ဦးမြင့်မောင်-ဒေါ်မီမီအေးတို့၏ အစ်မသည် ၂၉-၇-၂၀၀၇(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၇(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးအုန်းစိန် (၈၃)နှစ်

ဗဟန်းမြို့နယ်တရားရေးဥက္ကဋ္ဌ(ငြိမ်း)

တာမွေစာတိုက်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၀)၊ သုံးလွှာ၊ ခေါင်းရင်းခန်းနေ (ဦးချစ်တီး-ဒေါ်ပု)တို့၏သား၊ (ဒေါ်တင်မြ)၏ ခင်ပွန်း၊ ဦးထိန်ဝင်း-ဒေါ်သန်းသန်းနိုင်၊ ဦးသန်းဝင်း-ဒေါ်သီတာခိုင်၊ ဦးသိန်းတိုး - ဒေါ်အောင်ကြီးမြင့်တို့၏ မွေးသဖခင်၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးဘမော်(a)Aမဂျစ်ခန်း(B.A)

အသက်(၇၃)နှစ်

ကြီးကြပ်ရေးအုပ်(မ-မ)(ငြိမ်း) C.O.S

(ဗန်းမော်)

ဗန်းမော်မြို့၊ အလယ်ရပ်၊ အမှတ်(၆၅)နေ (ဦးနထူးခန်း-ဒေါ်စိန်ချယ်)တို့၏သားငယ်၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးဘရိကသ်အလီ-ဒေါ်လှ)တို့၏ သားသမက်၊ ဒေါ်မြမြလွင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုကျော်ထူးမော်၊ ဟာဂျီ ဦးချစ်ဆွေ-ဒေါ်ခင်မိုမိုလွင် (လပ်ကီးဒြေ့ရိပ်သာ၊ မြစ်ကြီးနား)၊ ကိုသန့်ဇင်မော်တို့၏ မွေးသဖခင်၊ မောင်အေးချမ်းချစ်ကို၊ မောင်အောင်ခန့်ချစ်ကို (အထက-၂၊ ဗဟန်း)၊ မောင်ဝီလျှံတိုးတိုး (M.L.A) တို့၏အဘိုး၊ (ဦးခင်မောင်-ဒေါ်ဘေဂွန်၊ (ဟာဂျီ ဦးဘသန်း - ဟာဂျီမ ဒေါ်ခင်ကြွေ)၊ (ဒေါ်ခင်မေ)၊ ဟာဂျီဦးအုန်းဖေ-ဒေါ်တင်ဦး၊ (ဟာဂျီ Capt. ဦးအေးမောင်)-ဟာဂျီမ ဒေါ်ခင်ရွှေတို့၏ ညီ၊ မောင်၊ ဟာဂျီဦးမြင့်လွင်၊ (ဒေါ်ခင်လေး) တို့၏အစ်ကို၊ တူ၊တူမ ၂၃ယောက်တို့၏ ဦးလေးသည် အမှတ်(၄၂)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ (စိမ်းလဲ့ရိပ်သာ) နေအိမ်၌ ၂၆-၇-၂၀၀၇ရက် နံနက် ၇း၁၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးညွှန့်မောင် (၈၅)နှစ်

ဥက္ကဋ္ဌ၊ သာသနဟိတကာရီ၊ အကျိုးတော်ဆောင်အဖွဲ့၊

ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်၊ သစ်တောလမ်း၊ အလုံ

(ဝါးခယ်မ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၇၇)နေ (ဦးထွန်းရှင်-ဒေါ်ငွေလှ)တို့၏ သား၊ (ဦးညီစို-ဒေါ်စောစိန်)တို့၏ သားသမက်၊ ဒေါ်အုန်းမြင့်၏ ခင်ပွန်း၊ ဦးတင်စိုး-ဒေါ်ရွှေဝါ၊ ဦးကျော်ကျော်လွင်-ဒေါ်ခင်ခင်ဌေး (ခေတ္တ-စင်ကာပူ)၊ ဦးဝင်းနိုင်-ဒေါ်ခင်သီတာမောင်၊ ဦးတိုးနိုင်(ခေတ္တ-ကိုရီးယား)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မသက်သက်ဝေ၊ မခင်သူဇာစိုး၊ မောင်အောင်ကျော်သူ၊ မအိန္ဒြေမောင်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၃၀-၇-၂၀၀၇ရက် နံနက် ၁၁း၄၅ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်နု (၇၁)နှစ်

(တောင်ငူ)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၆)နေ (ဦးဖိုးသွယ်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးစံရှင်း-ဒေါ်စိန်မေ)တို့၏ ချွေးမ၊ ပဲခူးမြို့ ကံထူးဓမ္မရိပ်သာ ပဓာနနာယက ဘဒ္ဒန္တဝါယမ(နိုင်ငံတော်သံဃမဟာနာယက မဟာဂန္ထဝါစကပဏ္ဍိတ) ဘောဂဝတီကျောင်း ဆရာတော် ဦးကုမာရ၊ ဦးဝိစာရတို့၏ ရဟန်းမယ်တော်၊ (ဦးကတ္တိ-ဒေါ်စန်း)၊ (ဦးသိန်းရွှေ-ဒေါ်ရင်မေ)၊ (ဒေါ်ရင်မြ)၊ ဦးသိန်းလွင်-ဒေါ်တင်ကြွယ်တို့၏ညီမ၊ ဦးမောင်အုန်း-ဒေါ်တင်မြ၏အစ်မ၊ ဒေါ်မြချစ်၊ (ဦးထွန်းကြည်-ဒေါ်အုံးတင်)၊ ဒေါ်တင်ကြည်၊ ဒေါ်တင်မြ၊ ဒေါ်တင်ရွှေတို့၏ ညီမ၊ ဦးဆန်းဝင်း-ဒေါ်သန်းသန်း၊ ဦးဝင်းမြင့် (Hanseatic Co., Ltd.)-ဒေါ်ယုယုဝင်း၊ ကိုဝင်းစိုး-မစိုစိုးသင်း၊ ကိုသော်တာ-မစန်းစန်းမော်၊ ကိုဇော်ဝင်း-မအေးမူတို့၏ အဒေါ်၊ (ဦးမောင်ရီ) (ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)၏ ဇနီး၊ ကိုကျော်မင်းဦး(Uniteam Co., Ltd.)၊ ကိုမျိုးမင်းထွန်း (Hanseatic Co., Ltd.)တို့၏ မွေးမိခင်သည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၀၇(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးမောင်ဇော် (၄၉)နှစ်

(ဝါးခယ်မ)

ဝါးခယ်မမြို့၊ ဈေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၈၂)နေ (ဦးထွန်းရင်-ဒေါ်လှရှင်)တို့၏ သား၊ ဝါးခယ်မမြို့၊ စာရေးကုန်းရပ်ကွက်၊ မြူရုံးလမ်း၊ အမှတ်(၆၇)နေ ဦးဘွန်စိန်-ဒေါ်ကျင်မြတို့၏သားသမက်၊ ဒေါ်အေးအေးနိုင်(ခ)ဒေါ်ဌေးဌေး (သော်က-အမက)၏ ခင်ပွန်းသည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဘသန်း (၇၆)နှစ်

B.Com, B.L

ဥက္ကဋ္ဌ Zizawa Co., Ltd.

တရားရုံးချုပ်ရှေ့နေ

မန္တလေးမြို့နေ (ဦးသင်း-ဒေါ်အမ)တို့၏ သား၊ (Dr.ဦးစံထွန်းအောင်-ဒေါ်ကျက်ရုံးဖြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၆၂/၆၄)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေ ဒေါ်မြညွှန့် (ဒုတိယညွှန်မှူး၊ ငြိမ်း၊ စက်မှုစားကုန်)၏ခင်ပွန်း၊ ဒေါ်နုနုဝင်း(ကထိက၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်) - ဦးအောင်ကြည်မောင်၊ ဒေါ်မိုးမိုးသန်း(Zizawa Health Care)၊ ဒေါ်ခင်ပြည့်စုံ (UNODC)-ဦးသီဟ၊ Dr.ဒေါ်စောမြအောင်(Zizawa Health Care)တို့၏ ဖခင်၊ မဖြူသန့်မွန်(MLA)၏ အဘိုးရှင်သည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကစ်တီဟန်(ခ)အန်တီခင်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၄)၊ ပထမထပ်နေ အရေးပိုင်မင်း (ဦးဘဟန်-ဒေါ်ဒေါ်သန်း)တို့၏သမီး၊ ဦးအုန်းချိုဇင်-ဒေါ်တင်တင်နွယ်၊ ဦးဝင်းဆွေ-ဒေါ်စောခင်၊ ဦးထွန်းထွန်း-ဒေါ်ယဉ်ယဉ်၊ ဗိုလ်မှူးဝင်းဟန်(ငြိမ်း) - ဒေါ်အေးအေးသန့်တို့၏ ညီမ၊ ဦးဇော်ဝင်း-ဒေါ်ဘေဘီဟန်၊ (ဦးရဲမောင်)-ဒေါ်ဒေစီဟန်တို့ အစ်မသည် ၃၀-၇-၂၀၀၇(တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၀၇(တနင်္ဂနွေနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ညွှန့် အသက်(၉၀)

တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၄)လမ်း၊ အမှတ်(၄၀၂)နေ (ဦးတက်ပု-ဒေါ်ညာ)တို့၏သမီး၊ ဒေါ်ခင်ထွေး၏အစ်မ၊ (ဦးထွန်းအောင်)၏ ဇနီး၊ ဦးသာတင့်(IPSC Co., Ltd.)၊ ဦးစိန်ဝင်း (တက္ကသိုလ်များပုံနှိပ်တိုက်) - ဒေါ်လှရီ (သဘော်ဆေးစက်ရုံ-၂၊ ငြိမ်း)၊ ဦးဇော်ဝင်း (မြန်မာ့ရုပ်ရှင်လုပ်ငန်း-ငြိမ်း)၊ ဒေါ်ခင်မေ (မြန်မာ့ရုပ်ရှင်လုပ်ငန်း-ငြိမ်း)၊ ဒေါ်သန်းသန်းဝေ၊ ဒေါ်သိန်းသိန်း (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဒေါ်ဖြူဖြူဝင်း (မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဦးရွှေဝင်း (မြန်မာ့ကြံလုပ်ငန်း) - ဒေါ်တင်တင်ချို၊ ဦးမောင်မောင်အေးသူ (M.D., T.S.S Co., Ltd.)-ဒေါ်စုစု (လ/ထမန်နေဂျာ၊ ဟိုတယ်/ခရီး)တို့၏ ကျေးဇူးရှင်မိခင်၊ မဖြိုးအိဝင်း (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ မမျိုးအိဝင်း(မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ မလဲ့ယဉ်ဝင်း (ဗ.စ.စ.စ၊ ပြင်ထိန်း)၊ ကိုအောင်ပြည့်(KMD Service Centre)တို့၏ အဘွားသည် ၂၉-၇-၂၀၀၇(တနင်္ဂနွေနေ့) ည ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၀၇(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါ မည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

တန်ကုတ်ဖွမ်း(ခ)ဦးထွန်းမြင့်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်း(၂၀)၊ အမှတ်(၄၁)နေ ဒေါ်ရော်ရှုလင်း၏ ခင်ပွန်း၊ ဦးတင်လှိုင်-ဒေါ်ချို၊ ဦးစိုးမိုးနိုင်-ဒေါ်တင်လေးနိုင်၊ ဦးယုကြည်-ဒေါ်ကျင်မြ၊ ဦးမြသိန်း-ဒေါ်လေးလေးခိုင်၊ ဦးဇော်ဝင်းထွန်း-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်သန်းသန်းနိုင်၊ ဦးသန့်ဇင်(ခ) ဦးအုန်းချစ်-ဒေါ်နီနီအေး၊ ဦးတူးတူး-ဒေါ်ရီရီဝင်း၊ ဦးရှောက်ဖိန်-ဒေါ်ခင်နှင်းခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၂၅ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် အမှတ်(၆၅)၊ သာယာရွှေပြည်လမ်း၊ တာမွေလေးရပ်ကွက်၌ ၃၀-၇-၂၀၀၇(တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ နှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၀ နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲ နှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၀မှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင် စာသင်တိုက်ခုနစ်တိုက်မှ သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာကျောင်း ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပသည်။

အစည်းအဝေးမစတင်မီ အစုအဖွဲ့သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာသိန်းညွန့်နှင့် ဦးခင်ဇော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်သည့် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪**

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ဒေါက်တာမောင်မောင်ဝင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငါးပါးသီလ ခံယူဆောက်တည်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ဧည့်ပရိသတ်များ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၀နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သြဝါဒါစရိယ တောတိုက်ဓမ္မရိပ်သာကျောင်း ပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရွာရန်ရာနှုန်း ၆၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။